ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ စနေနေ့၊ (27-5-2006) (၄၉၇၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကျောက်စိမ်း၊ ကျောက်မျက်များကို အချောထည်ပြုလုပ် တင်ပြရောင်းချနိုင်ရန် နည်းပညာပံ့ပိုးပေးခြင်း၊ စျေးကွက်ရှာဖွေပေးခြင်းဖြင့် အားပေးကူညီရန်လို

သစ်အချောထည်များ၊ ကျောက်စိမ်း၊ ကျောက်မျက်အချောထည်များကို နိုင်ငံတကာကုန်စည်ပြပွဲများတွင် သွားရောက်ရောင်းချနိုင်အောင်ကြိုးစား

ရန်ကုန်　　မေ　　၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက်ပိုင်းတွင် ၂၀၀၆ ခုနှစ် ဇွန်၊ ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ကျင်းပမည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာသို့ရောက်ရှိပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ကျောက်စိမ်းတွဲများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



❒ ပြည်ပသို့ သွားရောက်ရောင်းချသည့် ကုမ္ပဏီများ ပြန်ရောက်သည့်အခါတွင် မည်သည့်ပစ္စည်းများ အဝယ်လိုက်သည်၊ မည်သည့်ပစ္စည်းများ အဝယ်နည်းသည်ကို ပြန်လည်စိစစ် သင်ခန်းစာယူ၍ ပိုမိုရောင်းချရရှိရေး စီစဉ်ဆောင်ရွက်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(27-5)01.P65　1　1/1/32, 1:43 AM

ကြေးမုံ
The Mirror

၂၇-၅-၂၀၀၆
(စနေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တွံတေးတူးမြောင်းပေါ်မှ တွံတေးတံတားသစ်ကြီးဖွင့်လှစ်လိုက်ပြီ

လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည်။ လူမှုစီးပွားရေးဘဝ မြင့်မားရေးအတွက် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစေသည်။ ထို့ကြောင့် မြစ်ကူးတံတားကြီးပေါင်းများစွာကို တည်ဆောက်နေသည်။ လမ်းပေါင်းများစွာကို လက်ယှက်ထိုးဖောက်လုပ်လျက်ရှိသည်။

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် တွံတေးတူးမြောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် တွံတေးတံတားသစ်ကို မေလ ၂၅ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ ပင်မတံတားအရှည်ပေ ၈၄၀ ရှိသည့် အပေါ်ထည် သံမဏိကြိုးဆိုင်း တံတားအမျိုးအစားဖြစ်ပြီး အကျယ် ၂၈ ပေရှိ နှစ်လမ်းမောင်းယာဉ်သွားလမ်းပါရှိသည်။

ယခင်ကာလများက ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များမှ ပြည်သူများ ရန်ကုန်မြို့နှင့် ဆက်သွယ်သွားလာရာတွင် ဇက်ရေယာဉ်များ၊ စက်တပ်သမ္ဗန်များကိုသာ အသုံးပြု၍ ခက်ခဲပင်ပန်းစွာ ဖြတ်သန်းသွားလာခဲ့ကြရသည်။

တွံတေးတံတားသစ်ကို ဖွင့်လှစ်လိုက်သည့်အတွက် ရေကြောင်းလမ်းဖြင့် ကူးသန်းသွားလာနေကြရသည့် ဒလ၊ တွံတေး၊ ကွမ်းခြံကုန်းမြို့နယ်များရှိ ပြည်သူများသည် မော်တော်ကားလမ်းကိုအသုံးပြု၍ ရန်ကုန်မြို့သို့ တိုက်ရိုက်သွားလာ ဆက်သွယ်နိုင်ကြပြီဖြစ်သည်။ တွံတေးတံတားကြီးမှတစ်ဆင့် ဒလ–တွံတေး–လှိုင်သာယာလမ်းမကြီးကို ဖြတ်သန်း၍ တွံတေး–ကွမ်းခြံကုန်းမှသည် ဧရာဝတီတိုင်းနှင့် လွယ်ကူစွာဆက်သွယ်နိုင်ကြပေပြီ။ ကုန်စည်ကူးသန်းမှုများ ပိုမိုသွက်လက် မြန်ဆန်လာပြီဖြစ်သည်။

ယခုအခါ ရန်ကုန်တိုင်းအတွင်း တွံတေးတံတားကြီးအပါအဝင် တည်ဆောက်ဖွင့်လှစ်ပြီး တံတားကြီး ၂၆ စင်း ရှိသည်။ ပဲခူးမြစ်ကူးအမှတ်(၂)သန်လျင်တံတား၊ ငမိုးရိပ်ချောင်းကူး ကမာကြည်တံတားနှင့် ခရမ်းချောင်းကူး ခရမ်းချောင်းတံတားတို့ကိုလည်း ဆက်လက်တည်ဆောက်နေပြီဖြစ်သည်။

ရန်ကုန်တိုင်းတွင် လှိုင်မြစ်ကူးတံတားကြီးများဖြစ်သည့် ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတားနှင့် ရွှေပြည်သာတံတားတို့၏ အကျိုးပြုမှုကြောင့် မြစ်တစ်ဖက်ကမ်းရှိ မြို့နယ်များနှင့် ကျေးလက်ပြည်သူများအနေဖြင့် ရန်ကုန်မြို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး လှိုင်သာယာစက်မှုမြို့၏ တိုးတက်ဖြစ်ထွန်းမှုလည်း အရှိန်အဟုန်မြင့်မားလာလျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်း ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်း ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေးမြို့နယ်များ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်လျက်ရှိသည်။ ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ရေထွက်ကုန်ပစ္စည်းများ ရန်ကုန်မြို့သို့ အချိန်တိုအတွင်း အလွယ်တကူ တင်ပို့ရောင်းချနိုင်တော့မည်။

နိုင်ငံတော်က ဘဏ္ဍာငွေကြေး၊ လူအင်အား၊ စက်ယန္တရားအင်အား၊ နည်းပညာစွမ်းအားများစွာ စိုက်ထုတ်ရင်းနှီး၍ လမ်း၊ တံတားပေါင်းများစွာကို အရှိန်အဟုန်ဖြင့် ဖောက်လုပ်တည်ဆောက်ပေးနေရာ နိုင်ငံတစ်ဝန်း ပေ ၁၈၀ နှင့်အထက် တံတားကြီးပေါင်း ၂၁၅ စင်း ရှိနေပြီဖြစ်သည်။ အဆိုပါ တံတားကြီးများ၏ အကျိုးပြုမှုဖြင့် ပြည်သူအားလုံး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝများ ပိုမိုတိုးတက်မြင့်မား ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မေ ၂၄ ရက် မွန်းလွဲပိုင်းတွင် ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ ရောက်ရှိလာရာ ဧည့်ခန်းမဆောင်၌ ဝန်ကြီးအား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ဆောင်ရွက်လျက်ရှိသော အမျိုးသမီးများအား ပြုစုစောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကျောင်းဌာနများမှ ကျောင်းအုပ်များ၊ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

မှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးဌာနနှင့် Art and Deco Co. Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရက်ကန်းအလုပ်ရုံနှင့် Art and Deco Co. Ltd. မှ ဖွင့်လှစ်ထားရှိသော ပန်းပု၊ ခဲပုံသွင်းအလုပ်ရုံ၊ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနက ဖွင့်လှစ်ထားသော အထည်အလိပ် အရောင်းပြခန်း၊ အရောင်းပြခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့သည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနရှိ ရက်ကန်းအလုပ်ရုံလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း သုဝဏ္ဏ သံသုမာလမ်းနေ ဒေါ်ခင်အုန်းမြင့် (ပွင့်ဖြူစားသောက်ဆိုင်) သားသမီးမြေးတစ်စုက ဒေါ်ခင်အုန်းမြင့်၏ မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင်ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မွေးနေ့အလှူတော်နှင့် ချီးကျူးပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရေကူးကမ္ဘာအေး အရှေ့ဝါယာလက်(၂)လမ်းရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (ပီအိပ်ချ်ဒီ) ဆရာတော်ကြီး၏ မွေးနေ့အလှူတော်နှင့် (၅၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသော ကျောင်းတိုက်ဂဏဝါစက စာချဆရာတော်များအား ဂုဏပူဇာမင်္ဂလာအခမ်းအနားကို မေ ၂၈ရက် နံနက် ၇နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို ယမန်နေ့နှင့် ယနေ့ နံနက် ၉ နာရီတို့တွင် လသာမြို့နယ် အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်းရှိ မြည်လာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်း တက်ရောက်အားပေးကြည့်ရှုသည်။

– ပါဝင်ယှဉ်ပြိုင် –

၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကာတွန်းပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၂၅ ဦး၊ ပန်းချီပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၂၇ ဦး၊ ပိုစတာပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၂၀ တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းနေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်အေး(ဖျာပုံ)အား ရည်စူး၍ သားသမီးမြေးမြစ်တစ်စုက ငွေကျပ် ၇၀၀၀၀၀ ကို ပြင်သစ်ဆရာတော် ကျွန်းနံ့သာအရှင်နန္ဒသိရီရှေ့မှောက်၌ ဥက္ကဋ္ဌ ဦးရိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အရိုးရောဂါအထူးကုဆေးရုံကြီးအတွက် ကွယ်လွန်သူ ဦးအတိုင်အား ရည်စူး၍ ကြည့်မြင်တိုင်မြို့နယ် ကွမ်းရွဲတန်းလမ်းမှ ဒေါ်ဖုံနှင့် သားသမီးမြေးတစ်စုက အလှူတော်ငွေကျပ် ၃၀၀၀၀၀ ကိုလှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာဦးညွှန့်လှိုင် လက်ခံယူစဉ်။

(၃၀)

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

ရေနံ့သာမောင်ကျော်ညွန့်

ဇွန်လ ၁ ရက်နေ့တွင် အခြေခံပညာကျောင်းများအားလုံး တစ်ပြိုင်တည်း ဖွင့်လှစ်တော့မည် ဖြစ်ပါသည်။ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်၏ သင်ကြားမှု၊ သင်ယူမှု လုပ်ငန်းများကို ကျောင်းဖွင့်သည်နှင့်တစ်ပြိုင်နက် စတင် အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ သင်ကြားမှု၊ သင်ယူမှု လုပ်ငန်းများ အဆင်သင့်ဖြစ်နေစေရန် အတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရပေမည်။ ကြိုတင်ပြင်ဆင်ထားရမည့် လုပ်ငန်းအသီးသီး အနက်မှ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းနှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေမြဲပြီး မူလတန်းပညာ ပြီးဆုံးသည်အထိ သင်ယူပြီးမြောက်ရေးလုပ်ငန်းတို့ကို အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းနှင့် ကျောင်းနေအရွယ် ကလေးအားလုံး မူလတန်းပညာ ပြီးဆုံးသည်အထိ သင်ယူပြီးမြောက်ရေး လုပ်ငန်းတို့သည် အခြေခံပညာကဏ္ဍ အနှစ်(၃၀) နှစ်ရှည် စီမံကိန်းလုပ်ငန်းစဉ်(၂)၏ စီမံချက်တစ်ခုဖြစ်သည်။ ထိုစီမံချက်ကို ဒေသအာဏာပိုင်များ၊ ပညာရေးဝန်ထမ်း များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပညာရေးစေတနာရှင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများက ပညာသင်နှစ်တိုင်းတွင် ဝိုင်းဝန်းကူညီ အားပေးကြပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁၉၉၉–၂၀၀၀ ပညာသင်နှစ်မှစတင်၍ အခြေခံပညာကျောင်းများ မဖွင့်လှစ်မီ ရက်သတ္တပတ်ကို ကျောင်းနေအရွယ် ကလေးငယ်အားလုံး မူလတန်းပညာသင်ယူခွင့်ရရှိရေးနှင့် မူလတန်းပညာသင်ယူပြီးမြောက်သည်အထိ တက်ရောက်နိုင်ရန်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။ ၂၀၀၂–၂၀၀၃ ပညာသင်နှစ်မှစတင်ပြီး ကျောင်းအပ်နှံရေးစီမံချက်ဝင် မြို့နယ်များသတ်မှတ်၍ နှစ်စဉ်တိုးချဲ့လာခဲ့ရာ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် မြို့နယ်ပေါင်း ၃၁၉ မြို့နယ်အထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ယင်းစီမံချက်အရ အသက် ငါးနှစ်ပြည့်ပြီးသည့် ကလေးများ၊ သူငယ်တန်းကျောင်းနေ အရွယ်လွန် ကလေးများနှင့် မူလတန်းပညာမပြီးဆုံးမီ ကျောင်းထွက်ခဲ့ရသည့် ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ အားပေးကူညီခဲ့ကြသည်။ လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးလှူဒါန်းခဲ့ကြသည်။ အကျိုးဆက်မှာ ၁၉၉၉–၂၀၀၀ ပညာသင်နှစ်တွင် အသက် ငါးနှစ်ပြည့်ပြီး ကလေးဦးရေ၏ ၉၁ ရာခိုင်နှုန်း သူငယ်တန်းသို့ တက်ရောက်နိုင်ခဲ့ရာမှ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် အသက် ငါးနှစ်ပြည့် ကလေးဦးရေ၏ ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ သူငယ်တန်းသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ကျောင်းနေအရွယ်လွန်ကလေးများအား အသက်အရွယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုအရ မူလတန်းပညာကို အချိန်တိုအတွင်း သင်ယူပြီးမြောက်အောင် အထူးအစီအစဉ်ဖြင့် သင်ကြားပေးလျက်ရှိပါသည်။ အသက်ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်ရှိနေပြီးမှ သူငယ်တန်းသို့ဝင်ရောက်လာသော ကလေးများကို ပညာသင်နှစ် သုံးနှစ်ဖြင့်လည်းကောင်း၊ အသက် ကိုးနှစ်နှင့်အထက် အရွယ်ရှိနေပြီးမှ သူငယ်တန်းသို့ ဝင်ရောက်လာသော ကလေးများကို ပညာသင်နှစ် နှစ်နှစ်ဖြင့်လည်းကောင်း မူလတန်းပညာ သင်ယူပြီးမြောက်အောင် သင်ကြားပေးနေသည့် အစီအစဉ်ဖြစ်ပါသည်။ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေရေး၊ မူလတန်းပညာသင်ယူ ပြီးမြောက်သည်အထိ ကျောင်းနေမြဲရေးအတွက် အခက်အခဲရှိနေသော ကျောင်းသူ၊ ကျောင်းသားများအား ငွေကြေးနှင့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများကို ထောက်ပံ့ကူညီလှူဒါန်းပေးလျက်ရှိပါသည်။

ထူးခြားကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဆောင် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးငွေပဒေသာပင်နှင့် ပညာသင်စရိတ်များကို ထောက်ပံ့ကူညီပေးလျက်ရှိသည်။ ထူးခြားကျောင်းသား၊ ကျောင်းသူဆိုသည်မှာ ကျောင်းအပ်နှံရေးလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်ရာတွင် ထူးခြားစွာ ကျောင်းတက်ခွင့်ရရှိလာသည့် ကလေးများ ဖြစ်ပါသည်။ ဂုဏ်ထူးဆောင် ကျောင်းသား၊ ကျောင်းသူများဆိုသည်မှာ ကိုယ်အင်္ဂါ ချို့ယွင်းပြီး စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ပညာရည်ထူးချွန်သူကလေးများ ဖြစ်ကြပါသည်။ ကျောင်းအပ်နှံရေးနှင့် ကျောင်းနေမြဲရေး လုပ်ငန်းများအတွက် နိုင်ငံတော်နှင့် ဒေသခံပြည်သူများ၊ ပညာရေးစေတနာရှင်များက ၂၀၀၂–၂၀၀၃ ပညာသင်နှစ်တွင် ငွေကျပ် သန်းပေါင်း ၂၉၀ ဒသမ ၃၄ သန်း ပံ့ပိုးလှူဒါန်းနိုင်ခဲ့ရာမှ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် ငွေကျပ် သန်းပေါင်း ၆၆၈ ဒသမ ၆၈ သန်းအထိ တိုးမြှင့်ပြီး ပံ့ပိုးလှူဒါန်းနိုင်ခဲ့သည်။ ကျောင်းအပ်နှံရေးနှင့် ကျောင်းနေမြဲရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းပြီး တစ်ခဲနက် ကြိုးပမ်း ဆောင်ရွက်နေကြခြင်း ဖြစ်သည်မှာ ပေါ်လွင်ထင်ရှားလှသည်။

၂၀၀၆–၂၀၀၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ၂၀၀၆ ခုနှစ် မေလ ၂၅ ရက်မှ ၃၁ ရက်နေ့အထိ သတ်မှတ်ပေးထားသည်။ ယခု ၂၀၀၆–၂၀၀၇ ပညာသင်နှစ်၌ မြို့နယ် ၃၂၅ မြို့နယ်တို့သည် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးစီမံချက် မြို့နယ်များအဖြစ် လှုပ်ရှားဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းစဉ်(၄)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရန် လှုပ်ရှားဆောင်ရွက်နေကြပြီဖြစ်သည်။

ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်(၄)ရပ်မှာ–

- **မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊**
- **ကျောင်းပျက်ကွက်မှု ကျောက်ထွက်မှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊**
- **ကျောင်းနေရန် အခက်အခဲရှိသည့် ကလေးများ၊ ကျောင်းပျက်ကွက်သည့် ကလေးများအတွက် ဖြည့်ဆည်းပံ့ပိုးခြင်း၊ မိဘများအား ဆွေးနွေးပညာပေးခြင်း၊**
- **စတုတ္ထတန်းပြီးဆုံးသူများမှအပ ကျန်ကလေးအားလုံး ကျောင်းပြန်တက်စေရန် စိစစ်ကြပ်မတ်ခြင်း** တို့ဖြစ်ပါသည်။

တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၏ ရေသောက်မြစ်ဖြစ်သော ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းနှင့် ကျောင်းနေမြဲရေးလုပ်ငန်းတို့ကို ယခင်ပညာသင်နှစ်များနည်းတူ ယခု မေလ ၂၅ ရက်မှ ၃၁ ရက်အတွင်း ကျောင်းအပ်နှံရေး သီတင်းပတ်၌ ဒေသဆိုင်ရာ အာဏာပိုင်တို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးစေတနာရှင်များ၊ မိဘပြည်သူများ အားလုံး ပူးပေါင်းပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် တက်ညီလက်ညီ အင်တိုက်အားတိုက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

၂၀၀၆–၂၀၀၇ ပညာသင်နှစ်

ကျောင်းအပ်နှံရေး သီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

မြို့နယ်ကျောင်းအပ်နှံရေးနေ့မှစ၍

ကျောင်းသုံး ဖတ်စာအုပ်များကို

ကျောင်းများတွင် ရောင်းချပေးမည်။

ပညာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇–၅–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ **ဆရာတော်ဦးဃောသိတ တရားတော် –ဆပ္ပဏကောပမသုတ်**
- **၉:၁၀** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း "စင်ကာပူမှာသာတဲ့လ" သရုပ်ဆောင်– ရန်အောင်၊မေသန်းနု**
- **၁:၅၀** ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၁:၅၉** ၇။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၈။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၁၅** ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- **၄:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၅၀** ၆။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၁၅** ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- **၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၅** ၁၄။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- **၆:၄၅** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" (အပိုင်း–၃၀)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ °°° **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –သတ္တိဗျတ္တိ (အပိုင်း–၄)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

အာဆီယံနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာရှိ ပန်းခြံတစ်ခုကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရေနံချက်စက်ရုံ တည်ဆောက်ရန် နားလည်မှုစာချွန်လွှာ တရုတ်နှင့် မလေးရှားကုမ္ပဏီများ လက်မှတ်ရေးထိုး

ကွာလာလမ်ပူ မေ ၂၅

မလေးရှားကုမ္ပဏီတစ်ခုနှင့် တရုတ်နိုင်ငံ အခြေစိုက်ကုမ္ပဏီများ စုပေါင်းပါဝင်သော လုပ်ငန်းအဖွဲ့တစ်ဖွဲ့တို့သည် မလေးရှားနိုင်ငံမြောက်ပိုင်း၌ ရေနံချက်စက်ရုံတည်ဆောက်ရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြသည်။

ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံဖြင့် ဖက်စပ်ကုမ္ပဏီထူထောင်ကာ မလေးရှားနိုင်ငံ ပီရက်ပြည်နယ်တွင် ရေနံဓာတ်ငွေ့ရည် သိုလှောင်ကန်၊ ရေနံဓာတုစက်ရုံ၊ ပေါင်းခံစက်ရုံ၊ ရေနံချက်စက်ရုံနှင့် ဓာတုဆိပ်ကမ်းတို့ကို တည်ဆောက်မည်ဖြစ်ကြောင်း နယူးစထရိတ်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

လက်မှတ်ရေးထိုး

နားလည်မှုစာချွန်လွှာတွင် မလေးရှား-တရုတ် ရေနံကော်ပိုရေးရှင်း (အမ်စီပီစီ)၊ တရုတ် နိုင်ငံတကာစွမ်းအင်ကုမ္ပဏီနှင့် အင်ပါယာဂလို ဘယ်လ်ကော်ပိုရေးရှင်းတို့ပါဝင်သည့် စီးပွားရေးလုပ်ငန်းအဖွဲ့တို့က လက်မှတ်ရေးထိုးခဲ့သည်။

လူမတ်ဒေသအနီး မြေအကျယ်အဝန်း ဟက်တာ ၆၀၀ နှင့် ဟက်တာ ၈၀၀ ကြားတွင် စီမံကိန်းအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုစီမံကိန်းအတွက် နှစ်လတာလေ့လာမှုပြုလုပ်ခဲ့ကြောင်း အမ်စီပီစီမှ ပြောရေးဆိုခွင့်ရှိသူ အဒူရာမန်အဒူလာ၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြသည်။

စီမံကိန်းအတွက် လူမတ်ဒေသကို ရွေးချယ်ရခြင်းသည် ပင်လယ်နက်ပိုင်းဖြစ်ခြင်း၊ ကမ်းရိုးတန်းရှည်လျားခြင်း၊ သဘာဝဆိပ်ကမ်းရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ထို့အပြင် ဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း အဒူရာမန်က ပြောကြားသည်။

ဝယ်ယူတင်သွင်း

ငါးနှစ်ကျော်တွင် စီမံကိန်း၏ အဆင့်သုံးဆင့်ကို ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပီထရိုနက်စ်မလေးရှား ရေနံကုမ္ပဏီမှ ရေနံစိမ်း ၂၀ ရာခိုင်နှုန်းနှင့် ကျန်ရေနံစိမ်းများကို အင်ဒိုနီးရှားနှင့် အရှေ့အလယ်ပိုင်းဒေသတို့မှ ဝယ်ယူတင်သွင်းမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ၏ စစ်ရေးစွမ်းအားနှင့်ပတ်သက်၍ အမေရိကန်၏ အစီရင်ခံစာကို တရုတ်အစိုးရပယ်ချ

ပေကျင်း မေ ၂၅

တရုတ်နိုင်ငံ၏ စစ်ရေးစွမ်းအားနှင့် ပတ်သက်၍ အမေရိကန်၏ နှစ်ပတ်လည်အစီရင်ခံစာတွင် ရေးသားဖော်ပြချက်ကို ပယ်ချလိုက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လူကျိယန်ချောင်က ပေကျင်း၌ ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ၂၀၀၆ ခုနှစ် တရုတ်စစ်ဘက်စွမ်းအားဆိုင်ရာ အစီရင်ခံစာတွင် တရုတ်နိုင်ငံက စစ်ရေးအရခြိမ်းခြောက်နေသည်ဟူ၍လည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်သည့်အခြေခံမူများကို ဆိုးဆိုးရွားရွား ချိုးဖောက်နေသည်ဟူ၍လည်းကောင်း ဖော်ပြထားကြောင်း၊ ယင်းဖော်ပြချက်များမှာ မှန်ကန်ခြင်းမရှိကြောင်း လူက ဖော်ပြပါ အစီရင်ခံစာကို တုံ့ပြန်ပြောကြားသည်။

အဆိုပါ အစီရင်ခံစာတွင် တရုတ်နိုင်ငံ၏ စစ်ရေးစွမ်းအားနှင့် စစ်ဘက်ဆိုင်ရာ အသုံးစရိတ်များကို ချဲ့ကားဖော်ပြထားရာ တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကို တမင်သက်သက် ဝင်ရောက်စွက်ဖက်ခြင်းပင် ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်လာရောက်မှု အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်နည်းပါး

နယူးဒေလီ မေ ၂၅

အိန္ဒိယနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် တိုးတက်မှုရှိသော်လည်း အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်းတို့နှင့် နှိုင်းယှဉ်ပါက ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှု နည်းပါးကြောင်း အိန္ဒိယ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဝန်ကြီးက ပြောကြားသည်။

အိန္ဒိယနိုင်ငံသို့ လာရောက်သော ကမ္ဘာလှည့်ခရီးသည်ဦးရေသည် ၂၀၀၃ ခုနှစ်တွင် ၂ ဒသမ ၇၃ သန်း၊ ၂၀၀၄ ခုနှစ်တွင် ၃ ဒသမ ၄၆ သန်းနှင့် ၂၀၀၅ ခုနှစ်တွင် ၃ ဒသမ ၉၂ သန်းရှိကြောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဝန်ကြီး အမ်ဘီကာဆိုနီက အထက်လွှတ်တော်တွင် ပြောကြားသည်။

သို့ရာတွင် ၂၀၀၅ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမှာ တရုတ်နိုင်ငံသို့ ၄၇ ဒသမ ၁၁ သန်း၊ ထိုင်းနိုင်ငံသို့ ၁၁ သန်း၊ အင်ဒိုနီးရှားသို့ ၄ ဒသမ ၈၅ သန်းရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အိန္ဒိယနိုင်ငံသို့ ခရီးသည်ရောက်ရှိမှုနှုန်း လျော့နည်းလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံနှင့် နီပေါနိုင်ငံတို့နှင့် နှိုင်းယှဉ်လျှင်မူ အိန္ဒိယနိုင်ငံသို့ ခရီးသွားဧည့်သည် လာရောက်မှု ပိုမိုများပြားသည်။ ၂၀၀၅ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ ခရီးသည် သုည ဒသမ ၅၇ သန်းနှင့် နီပေါနိုင်ငံသို့ ခရီးသည် သုည ဒသမ ၃၅ သန်း ရောက်ရှိခဲ့သည်။

ပါကစ္စတန်နိုင်ငံသို့ ခရီးသည်ရောက်ရှိမှုသည် ၂၀၀၃ ခုနှစ်တွင် သုည ဒသမ ၅၀ သန်း၊ ၂၀၀၄ ခုနှစ်တွင် သုည ဒသမ ၆၅ သန်းရှိပြီး ၂၀၀၅ ခုနှစ်တွင် ခရီးသည်ဦးရေမည်မျှရှိသည်ကို မသိရှိရပေ။ ***အမ်အင်အေ၊ပီတီအိုင်။***

နှစ်စဉ် နို့လီတာ ၃၂ ဘီလီယံ ပါကစ္စတန် ထုတ်လုပ်

အစ္စလမ္မာဘတ် မေ ၂၅

ပါကစ္စတန်နိုင်ငံသည် ကမ္ဘာ့နို့ထုတ်လုပ်သော နိုင်ငံများအနက် ပဉ္စမနေရာတွင်ရှိကြောင်း၊ နှစ်စဉ် နို့လီတာ ၃၂ ဘီလီယံ ထုတ်လုပ်လျက်ရှိကြောင်း ပါကစ္စတန်နိုင်ငံပိုင် အေပီပီသတင်းဌာနက မေ ၂၃ ရက်တွင် ဖော်ပြသည်။

နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၏ ၁၀ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဂျီဒီပီတန်ဖိုး၏ ၄၈ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သော နိုင်ငံများတွင် ပါကစ္စတန်နိုင်ငံသည် အဆင့် ငါးနေရာရှိနိုင်ငံဖြစ်သော်လည်း ကမ္ဘာ့နို့ဈေးကွက် တင်ပို့ရာတွင် အချိုးအစားနည်းကြောင်း၊ ပါကစ္စတန်နိုင်ငံရှိ နို့ထွက်လုပ်ငန်းများမှ နို့ထွက်ရှိမှုစုစုပေါင်း၏ ၂ ရာခိုင်နှုန်းကိုသာ ကြာရှည်ခံအောင် ပြုလုပ်ထားနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ၏ နို့ထွက်လုပ်ငန်း တိုးတက်မှု နှောင့်နှေးရခြင်း၏ အဓိကအချက်များမှာ နို့ထွက်ပစ္စည်းများကို အေးခဲရန် စက်ရုံများ မလုံလောက်ခြင်း၊ စွမ်းအင်ဈေးနှုန်း မြင့်တက်ခြင်း၊ ထုတ်ကုန်များ တွင်ကျယ်မှုမရှိခြင်း၊ ထုပ်ပိုးစနစ်နှင့် ဖြန့်ဖြူးရေးပိုင်းတွင် ကုန်ကျမှုများခြင်းတို့ကြောင့် ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အာဂျင်တီးနားနိုင်ငံ မာဒီပလာတာ ဆိပ်ကမ်းရှိ ပုစွန်ဖမ်းသင်္ဘောများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန် တောင်ပိုင်းတွင် ဗြိတိသျှစစ်လေယာဉ် မီးလောင်မှုဖြစ်ပွား

ကဘူး မေ ၂၅

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟယ်လ်မန်းပြည်နယ်တွင် ဗုဒ္ဓဟူးနေ့က ဗြိတိသျှစစ်လေယာဉ်တစ်စင်း မြေပြင်သို့ဆင်းသက်စဉ် မီးလောင်မှုဖြစ်ပွားကြောင်း ဗြိတိသျှတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မတော်တဆမှု ဖြစ်ပွားခဲ့သည့် အဆိုပါလေယာဉ်သည် ဟာကြူလီစီ-၁၃၀ အမျိုးအစား လေယာဉ်ဖြစ်ကြောင်း၊သို့ရာတွင် လူအသေအပျောက်မရှိခဲ့ကြောင်း၊ ယင်းကိစ္စကို စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဟယ်လ်မန်းပြည်နယ်၏ မြို့တော် လက်ရှ်ကာဂါအနီး လေတပ်အခြေစိုက်စခန်းတွင် အဆိုပါလေယာဉ် ဆင်းသက်ခဲ့ပြီးနောက် မီးလောင်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

တိုးမြှင့်

ဟယ်လ်မန်းပြည်နယ်တွင် ဗြိတိသျှတပ်ဖွဲ့ဝင် ရာပေါင်းများစွာ စခန်းချထားပြီး ယင်းပြည်နယ်တွင် တာလီဘန်တို့က တိုက်ခိုက်မှုများ တိုးမြှင့်ပြုလုပ်လျက်ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မလေးရှားနိုင်ငံ ဘော်နီယိုကျွန်းပေါ်ရှိ ၁၃၄၅၅ ပေမြင့်သည့် ကီနာဘာလူးတောင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ အီလက်ထရွန်နစ် ထုတ်လုပ်ရေးစက်ရုံ တစ်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မလေးရှားပြည်နယ်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဌာနများဖွင့်လှစ်မည်

ကွာလာလမ်ပူ မေ ၂၆

မလေးရှားနိုင်ငံရှိ ပြည်နယ်များအားလုံးတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးဌာန (အာအက်စ်ဒီ)များ တည်ထောင်ထားရှိရန် အစိုးရက သဘောတူညီထားကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး ချန်ကွန်ချိုက မေ ၂၄ ရက်တွင် ပြောကြားသည်။

ပြည်နယ်အဆင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဦးစီးဌာနကို ဇူလိုင်လတွင် စတင်ဖွင့်လှစ်ရန် မျှော်မှန်းထားကြောင်း၊ မလေးရှားနိုင်ငံတစ်ဝန်းတွင် ပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ချန်က သတင်းထောက်များကို ပြောကြားသည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေးဌာနကို ဖွင့်လှစ်လုပ်ကိုင်ရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးကောင်စီ၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဌာနနှင့် ရဲတပ်ဖွဲ့တို့ကဲ့သို့သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ထားကြောင်း ချန်က ပြောဆိုသည်။

မလေးရှားနိုင်ငံတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး တိုးတက်လုပ်ကိုင်နိုင်ရန် ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် အစိုးရက ဗဟိုအဆင့်ရှိ အာအက်စ်ဒီဌာနကို တည်ထောင်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

မိုလ်ဘိုင်းဖုန်း နံပါတ်တစ်ခု ရရှိရေးအတွက် ကာတာနိုင်ငံသားက ဒေါ်လာ သုံးသန်းနီးပါးပေးဝယ်ယူ

ဒိုဟာ မေ ၂၅

ပင်လယ်ကွေ့ဒေသတွင် တည်ရှိသော ကာတာနိုင်ငံကလေးသည် နိုင်ငံသေးငယ်သော်လည်း ရေနံသိုက်များပေါကြွယ်သည့်အတွက် ကမ္ဘာပေါ်တွင် လူသိများသောနိုင်ငံကလေးဖြစ်သည်။ အင်္ဂါနေ့ကပြုလုပ်ခဲ့သော လေလံပွဲ၌ ကာတာနိုင်ငံသားတစ်ဦးက မိုလ်ဘိုင်းဖုန်းနံပါတ်တစ်ခု ရရှိရေးအတွက် ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံးပေးကာ ဝယ်ယူသွားသဖြင့် မီဒီယာအများတွင် အာရုံစိုက်ခြင်းခံခဲ့ရပြန်သည်။

လေလံဆွဲသွား

အလှူအတန်းပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ဖော်ပြပါလေလံပွဲကို ကာတာနိုင်ငံ၏မြို့တော် ဒိုဟာ၌ပြုလုပ်ခြင်းဖြစ်သည်။ ထိုလေလံပွဲ၌ မိုလ်ဘိုင်းဖုန်းနံပါတ် (၆၆၆-၆၆၆၆)ကို လေလံပစ်ရာ ကာတာနိုင်ငံသားတစ်ဦးက အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅ သန်းပေး၍ လေလံဆွဲသွားသည်။

မိုလ်ဘိုင်းဖုန်းနံပါတ်တစ်ခု ရရှိရေးအတွက် ယခုလေလံဆွဲယူသော ငွေကြေးပမာဏသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးစံချိန်ပင်ဖြစ်သည်ဟုဆိုသည်။ ယင်းဖုန်းနံပါတ်ကို ပိုင်ဆိုင်နိုင်ရေးအတွက် လူရှစ်ဦးသည် အပြိုင်လေလံဆွဲ ခဲ့ကြသည်။

ထိုလေလံပွဲကို ကာတာတယ်လီကွမ်းကုမ္ပဏီက ရန်ပုံငွေထည့်ဝင်နိုင်ရေးအတွက် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

နိုင်ငံတကာ သတင်းများ

ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသူမရှိကြောင်း အီရန်ကျန်းမာရေးဝန်ကြီး ပြောကြား

ဂျီနီဗာ မေ ၂၅

အဆုတ်ရောင်ရောဂါဖြင့် သေဆုံးသူနှစ်ဦးကို စမ်းသပ်စစ်ဆေးကြည့်ရှုရာတွင် ၎င်းတို့တွင် H5N1 ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရကြောင်း အီရန်ကျန်းမာရေးဝန်ကြီးက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

သတင်းမရ

ဂျီနီဗာမြို့တွင် ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို) နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်နေသော အီရန်ကျန်းမာရေးဝန်ကြီးကမ်ရန်လန်ကာရာနီက ရိုက်တာသတင်းဌာနသို့ ဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ကံကောင်းထောက်မစွာပင် ၎င်းတို့နှစ်ဦးတွင် ကြက်ငှက် တုပ်ကွေးရောဂါ ပိုးမရှိသည်ကို တွေ့ရကြောင်း၊ ယခုထက်တိုင် အီရန်နိုင်ငံတွင် ယင်းရောဂါပိုး ကူးစက်မှုရှိကြောင်း အခိုင်အမာ အတည်ပြုထားသည့်သတင်း မရရှိသေးကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အီရန်နိုင်ငံ အနောက်မြောက်ပိုင်း ကာမန်ရှားမြို့တွင် အဆုတ်ရောင်ရောဂါလက္ခဏာဖြင့် နာမကျန်းဖြစ်ပြီး သေဆုံးခဲ့သည့် မောင်နှမနှစ်ယောက်တို့၏ အလောင်းများကို စစ်ဆေးကြည့်ရာ H5N1 ဗိုင်းရပ်စ်ပိုးရှိသည်ဟု အီရန်ဆေးဘက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက အစောပိုင်းတွင် ပြောကြားခဲ့သည်။

နာမကျန်းဖြစ်

အသက် ၄၁ နှစ်အရွယ်ရှိ အစ်ကိုနှင့် အသက် ၂၆ နှစ်ရှိညီမတို့သည်နာမကျန်းဖြစ်ပွားနေသည့် မိသားစုမှ မိသားစုဝင်နှစ်ဦးဖြစ်သည်။

မှတ်ချက်ချ

၎င်းတို့သည် မာရီဘန်မြို့မှ ခရီးသွားရာမှအပြန်တွင် အဆုတ်ရောင်ရောဂါလက္ခဏာရှိသည့်ပုံစံမျိုးဖြင့် နာမကျန်းဖြစ်ခဲ့သည်ဟု ဖော်ပြပါ အီရန်ဆေးဘက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်က မှတ်ချက်ချထားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့ရှိ အဲဘတ်စ်လေယာဉ်အလုပ်ရုံတစ်နေရာကို မေ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန် တောင်ပိုင်း၌ အပြန်အလှန်ပစ်ခတ် တာလီဘန်ပြောက်ကျား ၆၀ ခန့် သေဆုံး

ကဘူး မေ ၂၅

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဥရုဇဂန်ပြည်နယ်တွင် တာလီဘန်ပြောက်ကျားများနှင့်အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့ဝင်များ အပြန်အလှန်တိုက်ခိုက်ခဲ့ကြရာ တာလီဘန် တိုက်ခိုက်ရေးသမား ၆၀ ခန့်နှင့်အာဖဂန်တပ်ဖွဲ့ဝင် လေးဦး သေဆုံးခဲ့ကြောင်း အာဖဂန်သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့မှစတင်၍ တိုက်ခိုက်မှု၊ ချုံခိုတိုက်ခိုက်မှုနှင့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုတို့ ဖြစ်ပွားခဲ့သဖြင့် လူ ၃၀၀ ကျော် သေဆုံးခဲ့သည်ဟု အမေရိကန်စစ်ဘက်နှင့် အာဖဂန်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ၂၀၀၁ ခုနှစ်နောက်ပိုင်းတွင် တာလီဘန်အစိုးရပြုတ်ကျခဲ့ပြီးချိန်နောက်ပိုင်း အဆိုးရွားဆုံးသော တိုက်ခိုက်မှုပင်ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

ကမ္ဘာ့ငြိမ်းချမ်းရေးကို ဖော်ဆောင်နေသည်ဆိုသော ဘုရှ်၏ ပြောကြားချက် မဖြစ်နိုင်ကြောင်း ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်ဝေဖန်

ကာရာကတ်စ် မေ ၂၅

ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဖော်ဆောင်နေသည်ဆိုသော အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏ ပြောကြားချက်သည် မဖြစ်နိုင်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က အင်္ဂါနေ့တွင် မကျေမနပ် ဝေဖန်ပြောကြားလိုက်သည်။

ဆုံးရှုံးလာ

အမေရိကန်အစိုးရသည် နယ်ချဲ့ဝါဒီဖြစ်သဖြင့် မိမိတို့ စိုးရိမ်မကင်းဖြစ်မိကြောင်း၊ အဘယ်ကြောင့်ဆိုသော် စစ်မက် တိုက်ခိုက်လိုသည့် အစိုးရအဖွဲ့တစ်ဖွဲ့အနေဖြင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ၏ အသက်ဘေးအန္တရာယ် လုံခြုံရေးနှင့် ငြိမ်းချမ်းရေးတို့ တစ်စစဆုံးရှုံးလာစေရန် လုပ်ဆောင်နေခြင်းကြောင့် ဖြစ်ကြောင်း ချာဗက်ဇ်က ပြောကြားသည်။

စိုးရိမ်မကင်းဖြစ်

ဗင်နီဇွဲလားနှင့် ဘိုလီးဗီးယားနိုင်ငံတို့တွင် ဒီမိုကရေစီ လုပ်ငန်းစဉ်များ တစ်စတစ်စ ဆိတ်သုဉ်းလာနေခြင်းအတွက် ဆုတ်ယုတ်နေမှုအပေါ် စိုးရိမ်မကင်းဖြစ်မိသည်ဟု သမ္မတဘုရှ်က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်အစိုးရသည် ၎င်း၏ပြည်သူများကိုရော၊ ကမ္ဘာ့ ပြည်သူများကိုပါ ဆန့်ကျင်နေပြီး ယင်းမှာ ဒီမိုကရေစီနည်းလမ်းမကျကြောင်း လူထုအစည်းအဝေးတစ်ခုတွင် ချာဗက်ဇ်က ပြောကြားသည်။

၂၀ ရာစုသည် အမေရိကန်ရာစုနှစ်ဟု ၎င်းတို့က ပြောကြားကြကြောင်း၊ ၂၁ ရာစုကို မြောက်အမေရိက အင်ပါယာကျဆုံးသည့် ရာစုဟု မိမိတို့ ခေါ်တွင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ရုရှားနိုင်ငံ မော်စကိုမြို့မှ ဆိုက်ဘေးရီးယားဒေသ ပစိဖိတ်ကမ်းခြေသို့ ဆက်သွယ်ထားသော ရထားလမ်း တစ်နေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆားဘီးယားနိုင်ငံတွင် အလုပ်လက်မဲ့ ကိုးသိန်းကျော်ရှိ

ဘဲလ်ဂရိတ် မေ ၂၆

ဆားဘီးယားနိုင်ငံ၌ ၂၀၀၆ခုနှစ် ပထမလေးလကာလအတွင်း အလုပ်လက်မဲ့ဖြစ်ပေါ်မှုနှုန်းသည် ယခင်နှစ် အလားတူအချိန်ကထက် ၄ ဒသမ ၂ရာခိုင်နှုန်း ပိုမိုလာသည့်အတွက် ဧပြီလတွင်ရှိနေသော အလုပ်လက်မဲ့ဦးရေ စုစုပေါင်းသည် ၉၂၄၄၅၀ ရှိကြောင်း အလုပ်သမားရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖော်ပြပါကာလအတွင်း အလုပ်အကိုင်နေရာသစ် တိုးလာသည့်အရေအတွက်ထက် အလုပ်အကိုင်ရှာဖွေသူဦးရေက ပိုမိုများပြားနေသည်ကို တွေ့ရကြောင်း ဆားဘီးယားအမျိုးသား အလုပ်အကိုင်ရှာဖွေရေးဌာန၏ ညွှန်ကြားရေးမှူး ရာဒိုဗန် ရစ်စကာနိုဗစ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် မူလလျာထားဝင်ငွေထက် နှစ်ဆရအောင် ရည်မှန်းဆောင်ရွက် မီဒီယာလုပ်ငန်းများအားလုံး အစဉ်မြင့်မားတိုးတက်ပြီး ဆွဲဆောင်မှုရှိအောင် အကောင်အထည်ဖော်

နေပြည်တော် မေ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါလုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာနှင့်ညွှန်ကြားရေးမှူးများ၊ စာတည်းမှူးချုပ်နှင့် စာတည်းမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့် တိုင်းများရှိ စက်ရုံများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဝင်ငွေပိုမိုရရှိအောင်ဆောင်ရွက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနနှင့် လက်အောက်လုပ်ငန်းဌာနများအနေဖြင့် ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ ကာလတိုတတိယ ငါးနှစ်စီမံကိန်း၏ လမ်းညွှန်ချက်များဖြစ်သော ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ရေး၊ စက်မှုကဏ္ဍ တိုးတက် မြင့်မားအောင် ဆောင်ရွက်ရေး၊ လျှပ်စစ်စွမ်းအား တိုးတက်ထုတ်လုပ်ရေး၊ စွမ်းအင်ကဏ္ဍ တိုးတက်ထုတ်လုပ်ရေး၊ ကုန်သွယ်မှုတိုးတက်မြင့်မားရေးနှင့် ခြိုးခြံချွေတာရေး စသည့်မူများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အထူး သဖြင့် လုပ်ငန်းဌာနတိုင်းအနေဖြင့် ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွက် မူလလျာထားသော ဝင်ငွေထက် နှစ်ဆရအောင် ရည်မှန်းဆောင်ရွက်ရေး၊ သုံးစွဲငွေကို လျာထားသတ်မှတ်ချက်ထက် ၁၅ရာခိုင်နှုန်း ခြိုးခြံချွေတာသုံးစွဲရေး၊ ငွေလုံးငွေရင်းဖြင့် သုံးစွဲ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြန်လည်စိစစ်လျှင် အမှန်တကယ်လိုအပ်မှ ဆောင်ရွက်ရေး၊ အထူးသဖြင့် သုံးစွဲငွေထက် ဝင်ငွေပိုမိုရရှိအောင် ဆောင်ရွက်ရေး၊ တစ်ဖက်မှလည်း မိမိတို့ မီဒီယာလုပ်ငန်းများအားလုံး အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အစဉ်မြင့်မားတိုးတက်ပြီး ဆွဲဆောင်မှုရှိအောင် ဆောင်ရွက်ရေးတို့ကို အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အထက်ပါအချက်များနှင့်အညီ ဆုံးဖြတ်ချက်များ ချမှတ်၍ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက မိမိတို့လုပ်ငန်းဌာနအလိုက် လက်ရှိဆောင်ရွက်လျက်ရှိသော အထူးလုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ရည်မှန်းချက်လုပ်ငန်းတာဝန်များ အောင်မြင်ရေးအတွက် အရှိန်အဟုန်ဖြင့် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရေးမှာကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ဆောင်းပါးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၆ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဆောင်းပါးပြိုင်ပွဲကို **"အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ပြည့်စုံလှပ မြန်မာအမျိုးသမီးဘဝ"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည် ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများကို စာလုံးရေ ၃၀၀၀မှ ၅၀၀၀ အထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေး သိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာ အရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသော ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀X၁၄ လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်ပါသည်။ မည်သည့်ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ်၊ စာတည်းမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂-၂၄ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၀နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

မေ ၂၆ရက်က မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ မြန်မာ့မီးရထားအင်ဂျင်နီယာအလုပ်ရုံ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကြီးနှင့် ဝန်ထမ်းများက အလုပ်ရုံရှေ့မြေကွက်တွင် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (၃၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၅-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအကြို မြန်မာပိုက်ကျော်ခြင်းအဖွဲ့၏ လေ့ကျင့်ပြင်ဆင်နေမှုများ
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	အမှတ်(၃) သတ္တုတွင်းလုပ်ငန်း
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၀	စားချင်စဖွယ်မုန့်လုပ်နည်း အသွယ်သွယ်
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	စက်မောင်းဆီအစားထိုးနိုင်ဖို့ ပရိဂျူဆာဂက်စ်ကိုသုံးကြစို့
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	Business Talk (1) (ဦးမျိုးမြတ်သူ၊ဦးဌေးဝင်း၊ ဦးဘုန်းခိုင်ဝင်း)
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေး အတွက်ဆောင်ရွက်ရမည့် လုပ်ငန်းများ
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	လင်းလက်နေဆဲ ကြယ်တစ်ပွင့် (ငွေကမ္ဘာကမ္ဘာလှည့် တင်တင်စိန်)
၉း၄၅	ပြည်တွင်းသတင်းအကျဉ်း
၉း၅၅	လူငယ်အာဟာရ (လင်းလင်းနှင့် တွေ့ဆုံခြင်း)
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	သွက်လက်ဆန်းသစ် မိုင်းတုံ Jeep
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ဝယ်ချင်စရာမျိုးစုံစွာ
၁၁း၀၀	မိုးလေဝသခန့်မှန်းချက်
၁၁း၀၅	ဆီးချိုသွေးချိုရောဂါ အကြောင်းဟောပြောချက် (အပိုင်း-၂)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	မြန်မာ-ထိုင်း ချစ်ကြည်ရေး ရေကူးသရုပ်ပြပွဲ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် မေ ၂၆

ဒေါပုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၇ကျောင်းတွင် ဒေါပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှဦးစီး၍ အပတ်စဉ် စနေနေ့တိုင်း ချုံနွယ်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ ဆယ်ယူခြင်းနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၁၃ရက် နံနက် ၇နာရီက ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းတို့တွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အသင်းဝင် အင်အား ၁၉၁ဦးဖြင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ကြသည်။ **(ယာပုံ)**

(မြို့နယ်မိခင်/ကလေး)

သီးနှံစိုက်ပျိုးထုတ်လုပ်မှု ရေရှည်တွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပုဂ္ဂလိကကဏ္ဍ တိုးချဲ့လာမည် အမည်သစ်သီးနှံများ၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ခင်းကြီးများအဖြစ်စိုက်ပျိုးရန် လုပ်ငန်းရှင်များအား ဖိတ်ခေါ်

ရန်ကုန် မေ ၂၆

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ဒါရိုက်တာများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကုန်ထုတ်လုပ်မှုတိုးတက်ရေးသည် အခြေခံဖြစ်ကြောင်း၊ နိုင်ငံ၏ ရေမြေအခြေအနေအရ စိုက်ပျိုးရေးကိုအခြေခံ၍ စီးပွားရေးကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်လျက်ရှိသဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးတည်ချက်ထားရှိ ဆောင်ရွက်နေကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ဧကတိုးချဲ့ရေး၊ တစ်ဧကအထွက်နှုန်းတိုးရေး နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်နေကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအပြင် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ တောင်သူလယ်သမားများအတွက် အထွက်ကောင်းသီးနှံမျိုးများ၊ သီးနှံအထွက်တိုးရေး ပံ့ပိုးပစ္စည်းများအား ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနက ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုသည် ရေရှည်တွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည် တိုးချဲ့လာကြမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပဈေးကွက် ကျယ်ပြန့်လာသော အမည်သစ်သီးနှံများ စိုက်ပျိုးရေး၊ ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သော ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ခင်းကြီးများအဖြစ် တစ်အုပ်တစ်မ စိုက်ပျိုးရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပါကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းက ပြည်ပဈေးကွက်ဝင် သီးနှံမျိုးများ၊ အထွက်နှုန်းကောင်းမွန်သော သီးနှံမျိုးများအား တောင်သူလယ်သမားများ၏ လက်ဝယ်အရောက်၊ အချိန်တိုအတွင်း မျိုးပွားများရောက်ရှိရေးအတွက် ဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်နိုင်သည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပုဂ္ဂလိကလုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို တင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြပြီး ညှိနှိုင်းအစည်းအဝေး ညနေပိုင်းတွင် ကျင်းပပြီးစီးသွားသည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် ဝန်ကြီးနှင့်အဖွဲ့သည် စက်မှုလယ်ယာဦးစီးဌာနမှ တီထွင်ထုတ်လုပ်ထားသော ဒေသမရွေးအသုံးပြုနိုင်သည့် လယ်ယာ(၂၂) စွမ်းအားမြင့်ထွန်စက်နှင့် လင်ပန်းထယ်၊ ဓားသွားများကို ကြည့်ရှုကြရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က ပြသရှင်းလင်းသည်။ (သတင်းစဉ်)

ကလေးသူငယ်များအား ကျန်းမာရေးစစ်ဆေး

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရှိ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန၏ မူလတန်းကြိုကျောင်း၌ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ကျောင်းဝင်ခွင့် ရရှိသော ကလေးငယ်များအား ကျောင်းဝင်ကျန်းမာရေး ပဏာမစစ်ဆေးခြင်းကို ယမန်နေ့နှင့် ယနေ့တို့တွင် ပြုလုပ်ရာ ကလေးအထူးကု ဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာစံကျော်၊ ဒေါက်တာဒေါ်ခင်သက်မြိုင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဆရာဝန်များက ကလေးငယ် ၁၆၅ ဦးအား အထွေထွေကျန်းမာရေး စစ်ဆေးပေးကြသည်။ (သတင်းစဉ်)

သာစည်မြို့နယ် လူမှုရေးအသင်းအဖွဲ့ဝင်များ တောင်ပေါ်တိုင်းရင်းသားများနှင့် တွေ့ဆုံ

ရန်ကုန် မေ ၂၆

သာစည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်တိုင်းရင်းဆေး ဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်ကြသောအဖွဲ့သည် ယမန်နေ့တွင် တောင်ပေါ်တိုင်းရင်းသားများ နေထိုင်ရာ ဆင်တောင်ကျေးရွာသို့ သွားရောက်ကြပြီး တောင်ပေါ်တိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကြရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ အသင်းအကြောင်း သိကောင်းစရာများနှင့် ကိုယ်ဝန်ဆောင် မိခင်များ လိုက်နာရမည့် ရှောင်ရန်၊ ဆောင်ရန်များကို လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်စန်းက အမျိုးသမီးများ အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း အသိပညာပေး ဆွေးနွေးကြသည်။

ထို့နောက် မိခင်နှင့် ကလေးအသင်း ဥက္ကဋ္ဌက ဒေသခံ အမျိုးသမီးငယ်များအား သံဓာတ်ပါသော အားဆေးနှင့် အခြားဆေးမျိုးစုံတို့ကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် တိုင်းရင်းဆေး တာဝန်ခံ ဦးဝင်းဇော်နှင့် ယင်းမာပင်တိုက်နယ် ဆရာဝန် ဒေါက်တာလွင်ဌေးတို့က တိုင်းရင်းသား ပြည်သူများအား ရောဂါရှာဖွေ၍ ဆေးဝါးကုသပေးကြပြီး ဆေးဝါးများကို ဖြန့်ဝေပေးသည်။ (သတင်းစဉ်)

ဆန်းသစ်သည့်စိတ်ကူးနှင့် နည်းပညာ ပေါင်းစပ်တင်ပြထားသော ဓာတ်ပုံပြပွဲ

သတင်းမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)

ရန်ကုန် မေ ၂၆

ဆန်းသစ်သည့် စိတ်ကူးနှင့် နည်းပညာတို့ကို ပေါင်းစပ်တင်ပြထားသော ရသခံစားမှုဆိုင်ရာ ဓာတ်ပုံအနုပညာပြပွဲတစ်ပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပြခန်းတွင် ခင်းကျင်းပြသလျက်ရှိသည်။



ကျော်သီဟစိုး၏ ဓာတ်ပုံလက်ရာတစ်ခု။



ဓာတ်ပုံဦးစိုး၏ ပြကွက်တစ်ကွက်။

နေ့စဉ်မြင်တွေ့နေကျ ပတ်ဝန်းကျင်ကို ဆန်းသစ်သောရှုထောင့်မှ ခံစားရိုက်ကူးတင်ပြထားသော ဓာတ်ပုံပညာရှင်ဦးစိုး၏ ဓာတ်ပုံဆိုက်ကြီးပုံ ၂၀ ကို ပြပွဲ၌ တင်ပြထားကြောင်း တွေ့မြင်ရသည်။

ထို့အပြင် ဓာတ်ပုံပညာရှင် ဦးစိုး၏သား ကျော်သီဟစိုးကလည်း ဖခင်၏ အနုပညာအမွေကို ဆက်ခံ၍ လူငယ်တစ်ဦး၏ အတွေးသစ်ခံစားမှုဖြင့် ဓာတ်ပုံ ၁၉ ပုံကို ပူးတွဲတင်ပြထားရာ အတွေးရဲသော၊ ဆန်းသစ်သော ဓာတ်ပုံများက ကြည့်နေသူကို ဆွဲဆောင်နေသည်။

မျိုးဆက်သစ်တစ်ဦး၏ ဓာတ်ပုံအနုပညာစွမ်းအားကို ချောင်းသာကမ်းခြေ၊ နာဂတိုင်းရင်းသားများနှင့် လူတို့၏ နေ့စဉ်ဘဝများကို ရိုက်ကူးထားသော မိခင်နှင့် သားငယ်ပုံများတွင် တွေ့မြင်ကြရမည်ဖြစ်သည်။

ဓာတ်ပုံပညာရှင် သားအဖနှစ်ဦး၏ စိတ်ကူးဖန်တီးပြသသည့် Instants Photoပြပွဲကို လောကနတ် ပန်းချီခန်းမ ပန်းဆိုးတန်း ပထမထပ်၌ ပြသထားသည်။ ပြပွဲကို မေ ၂၇ ရက်မှ ၃၁ရက်အထိ နေ့စဉ် နံနက် ၉နာရီခွဲမှ ညနေ ၅ နာရီအထိ ခံစားကြည့်ရှုနိုင်ကြောင်း သိရသည်။

အင်တာနက်သတင်း

နယူးယောက်ဒေသတွင် ဓာတ်အားပြတ်တောက် လျှပ်စစ်ရထားများ ရပ်ဆိုင်းသွား၍ အရေးပေါ် ကယ်ဆယ်ရေးလုပ်ရ

နယူးယောက် မေ ၂၆

အမေရိကန်နိုင်ငံတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု မေ ၂၅ ရက်က ဖြစ်ပွားခဲ့သည့်အတွက် နယူးယောက်နှင့် ဝါရှင်တန်အကြား ဆက်သွယ်ထားသော ရထားလိုင်းများ ရပ်ဆိုင်းသွားပြီး ခရီးသည်အများအပြား ဒုက္ခကြုံကြရသည်ဟုဆိုသည်။

လူအသွားအလာများပြားချိန်တွင် ရထားလိုင်းများ ရပ်ဆိုင်းသွားသဖြင့် ခရီးသည်များမှာ မြေအောက်ရထားအတွင်း ပိတ်မိနေခဲ့ကြသည်။ ထိုအခြေအနေကြောင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည်။

လျှပ်စစ်ဓာတ်အားသည် နံနက်ပိုင်းအချိန်တွင် ပြတ်တောက်ခဲ့ခြင်းဖြစ်ပြီး စတင်ပြတ်တောက်ချိန်မှ မိနစ် ၉၀ အကြာတွင် ဒေသအချို့သို့ ဓာတ်အား ပြန်လည်ပို့လွှတ်ပေးနိုင်ခဲ့သည်ဟု အမ်ထရက်ရထားကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လျှပ်စစ်ဓာတ်အားဖြင့် ပြေးဆွဲရသော ရထားများမှာ လုံးဝရပ်ဆိုင်းသွားကြောင်း၊ ရထားတံခါးပေါက်များမှာလည်း ပိတ်လျက်သားဖြစ်နေ၍ ခရီးသည်များမှာ အလွန်ပူအိုက်သည့်အဖြစ်နှင့် ကြုံရကြောင်း၊ နောက်ပိုင်းရထားဝန်ထမ်းများက တံခါးများ ဖွင့်ပေးသည့်အခါတွင်မှ နေသာထိုင်သာ ရှိသွားကြောင်း နယူးဂျာစီလမ်းဆုံသို့အသွား ရထားပေါ်တွင် လိုက်ပါခဲ့သူ ပြည်သူ့ဆက်ဆံရေးအရာရှိ လစ်ဇ်အင်ကလောက ပြောကြားသည်။

လျှပ်စစ်ဓာတ်အား မည်သည့်အတွက်ကြောင့် ပြတ်တောက်မှု ဖြစ်ပေါ်ရသည်ဆိုသော အကြောင်းရင်းခံကို မသိရသေးဟု အမ်ထရက်ကုမ္ပဏီက ဆိုသည်။

နယူးယောက်နှင့် ဆယ်လ်တီမောအကြား ပြေးဆွဲသော မြေအောက်ရထားငါးစင်းမှာ ရပ်ဆိုင်းသွားခဲ့ရသည်။ ဒီဇယ်စက်ခေါင်းငါးစင်း အကူအညီဖြင့် ရထားလေးစီးကို ဆွဲထုတ်ခဲ့ရပြီး ကျန်ရထားတစ်စင်းကို ဆွဲယူရန် မှာထားသော ဒီဇယ်စက်ခေါင်းမှာ လမ်းခရီးတွင် ရောက်နေပြီဖြစ်သည်။ ထိုစက်ခေါင်းသည် ဟက်စကင်မြစ် မြေအောက်ရထားလမ်းတွင် ပိတ်မိနေသောရထားကို ဆွဲထုတ်ရန် သွားနေခြင်းဖြစ်သည်။

ရထားစင်းရေမည်မျှနှင့် ခရီးသည်မည်မျှ ရထားရပ်ဆိုင်းသွားသည့်အတွက် ဒုက္ခကြုံကြရသည်ဆိုသောသတင်းကို ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခြင်း မပြုကြောင်း သိရသည်။

နယူးဂျာစီသို့ ပြေးဆွဲနေသောရထားသည် ရုံးတက်ရုံးဆင်းရက်များတွင် တစ်ရက်လျှင် ခရီးသည်ပေါင်း ၇၀၀၀၀ ကျော်ကို သယ်ယူပို့ဆောင်ပေးနေသော ရထားဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

မွေးမြူရေးလုပ်ငန်းများတွင်ပြည်ပကြက်၊ဝက်မျိုးများထက် ပြည်တွင်း မျိုးကောင်းမျိုးသန့်များဖော်ထုတ် မိမိတိုင်းပြည်၏ ရေ၊ မြေ၊ ရာသီဥတု၊ အစာအာဟာရနှင့် သဟဇာတဖြစ်မည့် မွေးမြူရေးနည်းစနစ်ကို ကျင့်သုံး

❒ **လယ်ယာ၊သားငါးမှ**

ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ထုထည်ပမာဏကြီးမားပြီး အရေးပါသည့် အခန်းကဏ္ဍတွင်ပါဝင်နေသည့် လယ်ယာ၊သားငါး၊ သစ်တောကဏ္ဍအသီးသီးမှပညာရှင်များနှင့် သုတေသီများ ယခုကဲ့သို့ စုံစုံညီညီစုဝေးပြီး နှစ်ပတ်လည်အစည်းအဝေးနှင့် သုတေသနညီလာခံကို ကျင်းပနိုင်ခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များ အကောင်အထည်ပေါ် ဖြစ်ထွန်းလာရေးအတွက် မိမိတို့ရဲ့အသိပညာ အတတ်ပညာစွမ်းပကားများဖြင့် ဖြည့်ဆည်းပေးနိုင်စေရန် ထိရောက်သည့်ကြိုးပမ်း ဆောင်ရွက်မှုတစ်ရပ်ပင် ဖြစ်ကြောင်း။

ယနေ့ မျက်မှောက်ခေတ်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မိမိနိုင်ငံသူ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာမှုတို့ လိုအပ်သည့်အပြင် နည်းပညာစွမ်းပကားမြင့်မားမှုသည်လည်း ပဓာနကျသည့်လိုအပ်ချက်တစ်ရပ် ဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် တန်းတူရည်တူ ယှဉ်တွဲဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာစွမ်းအားဖြင့်သာ မြှင့်တင်တည်ဆောက် ပေးနိုင်မည်ဖြစ်ကြောင်း။

မူဝါဒချမှတ်ကျင့်သုံး

ထို့ကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုင်ရာဆိုင်ရာကဏ္ဍများအလိုက် ခေတ်မီနည်းပညာများ၊ ခေတ်မီအီလက်ထရွန်းနစ်နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများ တိုးတက်မြင့်မားစေရန်နှင့် အရည်အသွေးပြည့်ဝမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်မွေးထုတ်နိုင်စေရန်အတွက် နိုင်ငံတော်အစိုးရက မူဝါဒတစ်ရပ်အဖြစ် ချမှတ်ကျင့်သုံးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ နယ်ပယ်ကဏ္ဍစုံတွင် သက်ဆိုင်ရာနည်းပညာများ၊ အတတ်ပညာများတိုးတက်မြင့်မားစေရေး၌ ပညာရှင်ကြီးများသည် ပဓာနကျသည့်အခန်းကဏ္ဍကပါဝင်လျက်ရှိသည့်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ ပညာရှင်အဖွဲ့ (Academy) များဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ နှစ်အနည်းငယ်အတွင်းတွင်ပင် ထူးခြားထင်ရှားသည့် အကျိုးရလဒ်ကောင်းများ ရရှိနေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

ထို့အတွက် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အပါအဝင် ပညာရှင်အဖွဲ့အသီးသီး၏ ကြိုးပမ်းစွမ်းဆောင်အောင်မြင်မှုများကို နိုင်ငံတော်အစိုးရကိုယ်စား ဂုဏ်ပြုချီးကျူးပါကြောင်း။

ဆက်လက်ပါဝင်ကြိုးပမ်း

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် သိပ္ပံနှင့်နည်းပညာရပ်များ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအသီးသီးတွင် နိုင်ငံတကာအဆင့်မီ တိုးတက်ဖြစ်ထွန်းလာရန်၊ နိုင်ငံတကာအသိုင်းအဝိုင်းတွင် မိမိတို့၏ အမျိုးသားအကျိုးစီးပွားကို ပညာရပ်ဆိုင်ရာ စွမ်းပကားဖြင့် ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်ရန်၊ နိုင်ငံတကာသိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှုများနှင့် တစ်ပြေးညီယှဉ်တွဲပြီး မိမိတို့၏ အမျိုးသားစီးပွားရေးကို အခိုင်အမာ တည်ဆောက်ထားနိုင်စေရန် ပညာရှင်ကြီးများအားလုံးက ပညာရပ်ဆိုင်ရာ အခန်းကဏ္ဍက ဆက်လက်ပြီး ပါဝင်ကြိုးပမ်း ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့အချိန်အခါကာလတွင် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများသည် အခြားသော ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်ကဏ္ဍများနှင့် အလားတူ မြင့်မားသည့် နည်းပညာများကို အသုံးပြုဆောင်ရွက်နိုင်မှသာ ရည်မှန်းချက်အောင်မြင် ပြည့်မြောက်နိုင်မည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ထိန်းညှိဆောင်ရွက်

ဤတွင်မက စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများသည် နိုင်ငံ၏စီးပွားရေးကို ထိရောက်စွာ တိုးမြှင့်ပေးနိုင်သည့် စီးပွားရေးကဏ္ဍများဖြစ်သကဲ့သို့ ပြည်သူများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော စားနပ်ရိက္ခာထုတ်လုပ်ရေး၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရက္ခနှင့်ဇီဝမျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဂေဟစနစ် မပျက်ယွင်းစေရအောင် ထိန်းသိမ်းကာကွယ်ရေး စသည့် ရှုထောင့်အသွယ်သွယ်က ထိန်းညှိဆောင်ရွက်ရသည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ခြင်းကြောင့် နိုင်ငံတကာတွင် ဖြစ်ထွန်းနေသည့် နက်နဲသိမ်မွေ့ပြီး အရည်အသွေးမြင့်မားသည့် နည်းပညာများကို ဤနယ်ပယ်ကဏ္ဍအသီးသီးတွင် လိုက်လျောညီထွေစွာ ထိထိရောက်ရောက် အသုံးပြုသွားနိုင်ရန် အလွန်ပင်အရေးကြီးကြောင်း။

ယင်းရည်မှန်းချက်များ ပြည့်မြောက်ရေးတွင် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ ပူးပေါင်းပါဝင်စွမ်းဆောင်မှု၊ ပညာပိုင်းဆိုင်ရာအရ ဦးဆောင်ဦးရွက်ပြုနိုင်မှုတို့သည် ပဓာနကျသည့် အခန်းကဏ္ဍတွင်ရှိနေကြောင်း။

နိုင်ငံတော်အတွက် အဘက်ဘက်က အကျိုးကျေးဇူး ဖြစ်ထွန်းစေနိုင်သည့် လယ်ယာ၊ သားငါးနှင့် သစ်တောသယံဇာတများကို ခေတ်မီနည်းပညာရပ်များနှင့် ပေါင်းစပ်ပြီး အကျိုးရှိအောင် အသုံးချနိုင်မှသာ နိုင်ငံတော်၏ တန်ဖိုးမဖြတ်နိုင်သည့် သယံဇာတများကို အမျိုးသားရေးအကျိုးစီးပွားအတွက် ထိုက်ထိုက်တန်တန် အသုံးပြုရာရောက်မည်ဖြစ်ကြောင်း။

ဇီဝနည်းပညာ

ယနေ့ကမ္ဘာကြီးတွင် ဇီဝနည်းပညာဟုခေါ်သည့် Biotechnology ပညာရပ်သည် ထူးထူးခြားခြားလျင်မြန်စွာ တိုးတက်ပြောင်းလဲနေကြောင်း၊ ယင်းဇီဝနည်းပညာကို လူသားများအတွက် အကျိုးရှိစွာသုံးစွဲနိုင်ရေးသည် အလွန်ပင်အရေးပါကြောင်း၊ ဇီဝနည်း ပညာကို အသုံးပြုပြီးကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆောင်ရွက်နေရသည့် အချိန်အခါလည်းဖြစ်ကြောင်း။

မြန်မာနိုင်ငံတော်ကြီးသည် ဇီဝမျိုးစုံမျိုးကွဲ များ (Biodiversity) ပေါများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ဇီဝနည်းပညာ အသုံးပြုရာတွင် ဇီဝမျိုးစုံမျိုးကွဲ များကို ထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်သွားကြရမည်ဖြစ်သည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးကိုပါ ယှဉ်တွဲဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

သတိနှင့်ယှဉ်

ပညာရှင်များ၊သုတေသီများအနေဖြင့် မိမိတို့ဆောင်ရွက်နေသည့် ဘာသာရပ်အလိုက် သုတေသနလုပ်ငန်းများကို ကမ္ဘာ့အဆင့်နှင့် လိုက်လျောညီထွေဖြစ်အောင် ကြိုးစားသွားရမည်ဖြစ်သကဲ့သို့ ရက္ခနှင့်ဇီဝမျိုးစုံမျိုးကွဲ များ ထိန်းသိမ်းကာကွယ်ရေးကိုမထိခိုက်စေရအောင် သတိနှင့်ယှဉ်ပြီး တီထွင်ကြံဆ ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

သုတေသနလုပ်ငန်း လုပ်ကိုင်ရာတွင် ရှိပြီးလူ့စွမ်းအားနှင့် နည်းပညာစွမ်းအားများကို ယခုထက်ပိုမိုပြီး ကောင်းမွန်အောင်၊ ပြည့်စုံအောင်၊ ဖွံ့ဖြိုးအောင် အစီအစဉ်ချပြီး လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း၊အခြေခံအဆင့်ကစပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည်အထိကိုယ့်ခွန်ကိုယ့်အားဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် လူ့စွမ်းအားနှင့် လုပ်ငန်းအံဝင်ခွင်ကျဖြစ်ပြီး ကြိုးကြိုးစားစားလုပ်ကိုင်ကြရန် အရေးကြီးကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် ရေမြေသဘာဝစွမ်းအားများကို အပြည့်အဝဖော်ထုတ်အသုံးချရေး၊သီးနှံစိုက်စွမ်းအားနှင့် သီးနှံထွက်စွမ်းအား တိုးမြှင့်ရေး၊ စက်ယန္တရားအင်အားတိုးမြှင့်သုံးစွဲရေး၊ ခေတ်မီစိုက်ပျိုးနည်းပညာနှင့်မျိုးကောင်းမျိုးသန့်များသုံးစွဲရေးစသည့် လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် ပညာရှင်ကြီးများ၏ ခေတ်မီနည်းပညာစွမ်းအား၊ သုတေသနစွမ်းအားတို့နှင့် ပေါင်းစပ်ထောက်ကူပေးရန်လိုကြောင်း။

ပြန်လည်စိမ်းလန်းစိုပြည်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့် အဝန်းသစ်တောများ ဖုံးလွှမ်းပြီး စိမ်းလန်းစေ ရမည်ဆိုသည့် ရည်မှန်းချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယခုဆိုလျှင်မြန်မာပြည်အလယ်ပိုင်း၊ အပူပိုင်းဒေသများပြန်လည်စိမ်းလန်းစိုပြည်လာပြီဖြစ်ကြောင်း၊ ထို့အပြင်ရပ်ရွာ ကျေးရွာများဖွံ့ဖြိုးလာမှု တောတောင်သစ်ပင်များရှင်သန်စိမ်းလန်းပြီး သဘာဝပတ်ဝန်းကျင်လည်း တည်ငြိမ်မည်ဆိုသည့် ရည်မှန်းချက်ဖြင့် ကျေးရွာလူထုဖွံ့ ဖြိုးရေးအတွက်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရှင်ကြီးများအပိုင်းကလည်း နိုင်ငံတော်အစိုးရ၏ သစ်တောကဏ္ဍရည်မှန်းချက်များဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေမြေသဘာဝရာသီဥတုမျှတစေ ရေးအတွက် သစ်သယံဇာတများ စည်းကမ်းနည်းလမ်းတကျအကျိုးရှိစွာထုတ်လုပ်ရေး၊ထုတ်ကုန်များကို အဆင့်မြင့်နည်းပညာများ အသုံးပြုပြီး တန်ဖိုးမြှင့်တင်နိုင်ရေး၊ သစ်တောထိန်းသိမ်းရေး၊ ပြန်လည်ပြုစုပျိုးထောင်ရေး၊ စိမ်းလန်းစိုးပြည်ရေး၊ရက္ခ၊ ဇီဝမျိုးစုံမျိုးကွဲ များနှင့်ဂေဟစနစ်တည်တံ့စေရေးအပိုင်းများကို ဟန်ချက်ညီညီ ဖြစ်ထွန်းလာစေရအောင် နည်းပညာရပ်ဆိုင်ရာ ကဏ္ဍက ဦးဆောင်လမ်းပြပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

မွေးမြူရေးနှင့်ရေလုပ်ငန်း

အလားတူပင် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍကိုကြည့်လျှင် မွေးမြူရေးနှင့် ရေလုပ်ငန်းများသည် မြန်မာနိုင်ငံပြည်သူများအနေနှင့် ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်လာကြသည့် လုပ်ငန်းများဖြစ်သည့်အတွက် လုပ်ငန်းနှင့်ဆက်နွှယ်သည့် အခြေခံပညာရပ်များကို သိရှိနားလည်ကြပြီး ဖြစ်ကြောင်း၊ ယင်းသို့သိရှိကျွမ်းဝင်ပြီးသား အခြေခံကောင်းများကို ခေတ်မီနည်းစနစ်များနှင့်ပေါင်းစပ်ဖွံ့ဖြိုးတိုးတက်စေရန် အလေးပေးဆောင်ရွက်သွားခြင်းဖြင့် အသားနှင့်ငါးထုတ်လုပ်မှုကို သိသာစွာတိုးတက်စေပြီး ဈေးနှုန်းတည်ငြိမ်မှု ရရှိစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ပကြက်၊ ဝက်မျိုးများကိုသာအားကိုး ခြင်းထက် ပြည်တွင်းရှိ မျိုးကောင်း မျိုးသန့်များကို ရှာဖွေဖော်ထုတ်ပြီး မိမိတိုင်းပြည်၏ ရေမြေသဘာဝ၊ ရာသီဥတု၊ အစာအာဟာရတို့နှင့် သဟဇာတဖြစ်စေမည့် မွေးမြူရေးနည်းစနစ်တို့ကို ကျင့်သုံးခြင်းအားဖြင့် မွေးမြူရေးလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးအောင် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူထုတ်လုပ်ရေး၊ မျိုးကောင်းမျိုးသန့် ပြန့်ပွားရေး၊ မွေးမြူရေးဆိုင်ရာ နည်းပညာများ၊ တိုးတက်ဖြစ်ထွန်းရေး၊ မြန်မာ့အဏ္ဏဝါနှင့် ငါးပုစွန်သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးမပြုန်းတီးစေဘဲ စနစ်တကျ ထုတ်နုတ်သုံးစွဲနိုင်ရေးတို့အတွက် လိုအပ်သည့် သုတေသနလုပ်ငန်းများ၊ နည်းပညာတိုးတက်ရေး လုပ်ငန်းများကိုပါ အလေးထား ဆောင်ရွက်ပေးကြရန် ပညာရှင်ကြီးများကို တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ယှဉ်တွဲဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသူနိုင်ငံသားတိုင်းက မိမိတို့ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်သွားရမည့် အချိန်အခါဖြစ်သည့်အလျောက် ပညာရှင်ကြီးများအနေဖြင့်–

- **တန်ဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံ ဗဟုသုတနှင့် ပညာရပ်ဆိုင်ရာစွမ်းပကားကို ထိထိရောက်ရောက် အသုံးချပြီး စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများကနေ မိမိတိုင်းပြည်၊ မိမိလူမျိုးအတွက် အနာဂတ်ကာလတိုင် ရေရှည်အကျိုးစီးပွားဖြစ်ထွန်း စေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ။**
- **နိုင်ငံတော်၏ အဖိုးမဖြတ်နိုင်သည့် ရေမြေသယံဇာတများကို နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးအရှိဆုံး ဖော်ထုတ်သုံးစွဲနိုင်စေရအောင် မိမိတို့ကျွမ်းကျင်ရာပညာရပ်များဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။**
- **နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေးအဆင့်အတန်းတိုးတက်ရေးတွင် ပဓာနအကျဆုံးဖြစ်သည့် ခေတ်မီနည်းပညာများကို အကျိုးရှိစွာ အသုံးချရေး၊ မျိုးဆက်သစ် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပြုစုပျိုးထောင် မွေးထုတ်ပေးရေးတို့အတွက် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို
ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့် အဝန်း သစ်တောများ ဖုံးလွှမ်းပြီး စိမ်းလန်းစေရမည်ဆိုသည့် ရည်မှန်းချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယခုဆိုလျှင် မြန်မာပြည်အလယ်ပိုင်း၊ အပူပိုင်းဒေသများ ပြန်လည်စိမ်းလန်းစိုပြည်လာပြီဖြစ်ကြောင်း၊ ထို့အပြင် ရပ်ရွာ ကျေးရွာများဖွံ့ဖြိုးလာမှု တောတောင်သစ်ပင်များ ရှင်သန်စိမ်းလန်းပြီး သဘာဝပတ်ဝန်းကျင်လည်း တည်ငြိမ်မည်ဆိုသည့် ရည်မှန်းချက်ဖြင့် ကျေးရွာလူထုဖွံ့ ဖြိုးရေးအတွက်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိ။

ဝယ်ယူမည့်သူအား ဆွဲဆောင်

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲများ ခင်းကျင်းပြသရာတွင် ဝယ်ယူမည့်သူအား ဆွဲဆောင်နိုင်အောင်နှင့် အကောင်း၊ အညံ့ စုံလင်အောင် ခင်းကျင်းပြသ။

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျောက်စိမ်း၊ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

❖ **ကျောဖုံးမှ**

၂၀၀၆ ခုနှစ် ဇွန် ၂၀ ရက်မှ ဇူလိုင် ၄ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာနှင့် မြန်မာ့ကျောက်မျက် ရတနာပြပွဲခန်းမတို့၌ ကျင်းပမည့် အစီအစဉ်၊ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများကို နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေတို့ဖြင့် ရောင်းချမည့် အစီအစဉ်၊ ရတနာပြပွဲသို့ တက်ရောက်ရန် ပြည်ပ ရတနာကုန်သည်များနှင့် ပြည်တွင်းမှ နိုင်ငံသား လုပ်ငန်းရှင်များအား ဖိတ်ကြားထားမှုအခြေအနေ၊ တင်ပြရောင်းချ ရန်လျာထားသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများ အခြေအနေ၊ ယခင် ကျောက်စိမ်းအထူးရောင်းချပွဲများတွင် ကျောက်စိမ်းရိုင်းများ တင်ပြရောင်းချခဲ့မှုအခြေအနေ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲများ ကျင်းပခဲ့မှုနှင့် ၂၀၀၆ ခုနှစ် ဇွန်၊ ဇူလိုင် အထူးရောင်းချပွဲတွင် ကျောက်စိမ်းအတွဲများ ပိုမိုတင်ပြနိုင်ရေးနှင့် နိုင်ငံခြားငွေ ပိုမိုရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

လေ့လာစိစစ်အဖြေရှာ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လမ်းညွှန်မှာကြားရာတွင် ယခုကဲ့သို့ ကျောက်စိမ်း၊ ကျောက်မျက်ရောင်းချပွဲတွင် နိုင်ငံတော်က ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ လုပ်ကိုင်ခွင့်ချထားပေးသော ပုဂ္ဂလိကကုမ္ပဏီများ၊ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများအားလုံးက လာရောက်ပြသရောင်းချနိုင်ရေးကို သတ္တုတွင်းဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မရောင်းချနိုင်သော ကုမ္ပဏီများအနေဖြင့် မည်သည့်အကြောင်းကြောင့် မရောင်းချနိုင်သည်ကို လေ့လာစိစစ်အဖြေရှာ၍ လိုအပ်သည့်ဆောင်ရွက်မှုများ ပြုလုပ်သွားရန်ဖြစ်ကြောင်း။

ပိုမိုရောင်းချရရှိရေး

ကျောက်စိမ်း၊ ကျောက်မျက်များကို သစ်ကဲ့သို့ အချောထည်ပြုလုပ်၍ တင်ပြရောင်းချနိုင်အောင် ပုဂ္ဂလိကရတနာကုမ္ပဏီများကို နည်းပညာပံ့ပိုးပေးခြင်းဖြင့်လည်းကောင်း၊ ဈေးကွက်ရှာဖွေပေးခြင်းဖြင့် လည်းကောင်း အားပေးကူညီသွားရန်လိုကြောင်း၊ သစ်အချောထည်များ၊ ကျောက်စိမ်း၊ ကျောက်မျက် အချောထည်များကို နိုင်ငံတကာ ကုန်စည်ပြပွဲ (Trade Fair)များတွင် သွားရောက်ရောင်းချနိုင်အောင် သက်ဆိုင်ရာဝန်ကြီးဌာနများက ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ပြည်ပသို့ သွားရောက်ရောင်းချသည့် ကုမ္ပဏီများပြန်ရောက်သည့် အခါတွင်လည်း မည်သည့်ပစ္စည်းများ အဝယ်လိုက်သည်၊ မည်သည့်ပစ္စည်းများ အဝယ်နည်းသည်ကို ပြန်လည်စိစစ်သင်ခန်းစာယူ၍ ပိုမိုရောင်းချရရှိရေး စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း။

စုံလင်အောင်ခင်းကျင်းပြသ

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲများ ခင်းကျင်းပြသရာတွင် ဝယ်ယူမည့်သူအား ဆွဲဆောင်နိုင်အောင်နှင့် အကောင်း၊ အညံ့ စုံလင်အောင် ခင်းကျင်းပြသရန်ဖြစ်ကြောင်း၊ ယခုကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ လာရောက်ကြမည့် ပြည်ပမှ ရတနာကုန်သည်များ တည်းခိုနေထိုင်သွားလာရေး၊ ဝယ်ယူသည့် ပစ္စည်းအတွက် ငွေကြေးပေးချေရေး၊ ဝယ်ယူပြီးပစ္စည်းများကို သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေးတို့မှစ၍ အစစအရာရာ အဆင်ပြေချောမွေ့ပြီး စိတ်ချမ်းသာပျော်ရွှင်စွာ နေထိုင် ဝယ်ယူသွားနိုင်အောင် သက်ဆိုင်ရာဌာနအသီးသီးက မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာ ညှို့ကြိုခန်းမနှင့် ဝင်းအတွင်း ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ နေ့လယ်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး မြန်မာ ကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ကျောက်စိမ်းတွဲများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၅-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ အကပြိုင်ပွဲ
- ၈း၀၅ ၆။ ပန်းလှိုင်တံတား
- ၈း၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Happy and Educational English Summer Course MRTV
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁း၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁း၄၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၀၅ ၅။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “Doraemon”
- ၁၂း၂၀ ၆။ ကြားမြင်သုတ ပြည့်ဝစေရာစာပဒေသာ
- ၁၂း၃၀ ၇။ **“ရှင်နှောင်းကျောင်း ရောက်ပြီ” (ကြည်စိုး၊ ထူးသာ၊ချောနဝင်း) (ဒါရိုက်တာ–ခင်ဇော်–ကောသီပန်)**
- ၁၂း၅၀ ၈။ ဖွံ့ဖြိုးသာယာကပိုင်စံပြကျေးရွာ
- ၁း၀၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁း၃၀ ၁၀။ ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နန့်စန်–မိုးနဲ ရထားလမ်းသစ်
- ၁း၄၅ ၁၁။ အကပြိုင်ပွဲ
- ၁း၅၅ ၁၂။ **“မမြင်ကွယ်ရာ” (မောင်မောင်မျိုးသန့်၊မတူး၊ မောင်မောင်မြင့်) [ဒါရိုက်တာ–စိုးဟိန်း (မန်းတက္ကသိုလ်)]**
- ၂း၀၅ ၁၃။ ကံတင်ဘီးလင်း ရေလှောင်တမံ
- ၂း၂၀ ၁၄။ အဆိုပြိုင်ပွဲ
- ၂း၃၀ ၁၅။ အာရှဘိလိယက် ချန်ပီယံမြန်မာ
- ၂း၄၅ ၁၆။ International News.
- ၃း၀၀ ၁၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၄း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၅း၁၀ ၆။ အဆိုပြိုင်ပွဲ
- ၅း၁၅ ၇။ နားဝင်ပီယံသူ့လက်သံ
- ၅း၂၀ ၈။ **“ဒီအိုတီအက်စ်” (ပိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း) (ဒါရိုက်တာ–သိန်းဟန်)**
- ၅း၃၀ ၉။ တေးဂီတအစီအစဉ်
- ၅း၄၀ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ Discovery
- ၆း၅၀ ၁၄။ အကပြိုင်ပွဲ
- ၆း၅၅ ၁၅။ တေးဂီတအစီအစဉ်
- ၇း၁၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကံကောင်းခြင်းအိပ်မက်” (အပိုင်း–၁၇)**
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်မိပြီဆိုရင်” (အပိုင်း–၄၇)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များ လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံရှိမြစ်များ၏ ရေနည်းရာသီကာလ မကြာမီကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိတော့မည်ဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလတွင်ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

မြစ်ရေတက်လာမှုပေါ်မူတည်၍ ဤဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်ပါသည်။ တစ်ခါတစ်ရံ ရေဒဏ်၊ လေဒဏ်၊ မိုးဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုစိုက်မောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ ရေအနက်မလုံလောက်သည့် ရေမြှုပ်ပေါက်ဖြတ်လမ်းများအား အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်စက်အားနှင့် ရေစီးအားကို ချင့်ချိန်ဂရုပြု မောင်းနှင်ကြရန်လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အဝင်လမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် အပေါက်၌ အစိမ်းရောင်တြိဂံ အမှတ်အသားပြသထားပြီး ရေယာဉ်များ မဝင်ရမည့် အပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသား ပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများအား အနီရောင်မြားဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေမည်ဖြစ် ပြီး ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားကြီးများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့်တက်မထိန်း စနစ်များအား ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင်ရေလမ်းများ၌ ရေယာဉ် နှင့်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အားနှင့် စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင် ကြရမည်ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုလုပ်ရန်နှင့် မြစ်ကူးတံတားကြီးများ ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်း မပြုလုပ်ဘဲ တစ်တွဲချင်းသာ ဖြတ်သန်းကြရန် လိုအပ်သည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်ခြည်းလေပြင်းတိုက်ခိုက်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ မြစ်အတွင်း ခုတ်မောင်းနေသောရေယာဉ်များအနေဖြင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်း သတိပေးချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရေအားလျှပ်စစ်စီမံကိန်းများ ကြည့်ရှုစစ်ဆေး သတ်မှတ်ကာလထက် စောရှုပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြား

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ခပေါင်း ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးစဉ်။
(အမှတ်-၁၊ လျှပ်စစ်)

ရန်ကုန် မေ ၂၆

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မေ ၂၄ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါ၍ အမှတ်(၃)တည်ဆောက်ရေးမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများအနက် ပဲခူးတိုင်း၊ အုတ်တွင်းမြို့နယ် အုတ်တွင်းမြို့အနောက်ဘက် ၁၅ မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ခပေါင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီးနောက် အမှတ်(၃)တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးတင့်လွင်နှင့် စီမံကိန်းမှ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်း တင်ပြပြီးနောက် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်း၊ ရေသွယ်ဥမင် တပ်ဆင်ထားမှု အခြေအနေ၊ ရေထိန်းတံခါးပြွန် တည်ဆောက်ခြင်းလုပ်ငန်း၊ မြေသားတမံ လုပ်ငန်းများကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခပေါင်းရေအားလျှပ်စစ် စီမံကိန်းသည် ၁၅ မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက် နှစ်လုံး တပ်ဆင်ပြီး စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၀ မှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

ဖြူးချောင်းရေအားလျှပ်စစ်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်း ဖြူးမြို့အနောက်ဘက် ခုနစ်မိုင်အကွာ ဖြူးချောင်းပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ဖြူးချောင်းရေအားလျှပ်စစ် စီမံကိန်းသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီးနောက် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်တွင် အမှတ်(၃) တည်ဆောက်ရေး လုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးတင့်လွင်နှင့် တာဝန်ရှိသူများ၏ လုပ်ငန်းပိုင်းဆိုင်ရာ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မြေသားတမံ တူးဖော်ရှင်းလင်း တည်ဆောက်ခြင်း လုပ်ငန်း၊ ရေယူဥမင်လိုဏ် (အဝင်) တူးဖော်ပြီးစီးမှုအခြေအနေ၊ ရေထိန်းတံခါးပြွန် တည်ဆောက်ခြင်း လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထုတ်လုပ်ဖြန့်ဖြူးပေး

ဖြူးချောင်းရေအားလျှပ်စစ် စီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၂၀ အင်အားရှိ ဓာတ်အားပေးစက် နှစ်လုံးမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၄၀ ထွက်ရှိမည်ဖြစ်ပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ သန်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဖြူးမြို့အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ကွန်းချောင်း ရေအားလျှပ်စစ် စီမံကိန်းသို့ ညနေပိုင်းတွင် ရောက်ရှိပြီးနောက် စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် မဂ္ဂါဝပ် ၂၀ အင်အားရှိ ဓာတ်အားပေးစက် သုံးလုံးတပ်ဆင်ပြီး စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀ မှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည့် စီမံကိန်းဖြစ်သည်။

ဝန်ကြီးသည် စီမံကိန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရှိ တာဝန်ရှိသူများမှ လုပ်ငန်းများကို သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ကိုင်ကြရေး၊ ယဉ်နှင့်စက်ယန္တရားများကို စနစ်တကျ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းရေး၊ အလေအလွင့်နည်းပါးရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့ကို ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

ကိုရီးယားလေကြောင်းလိုင်း၏ ဆိုးလ်နှင့်ရန်ကုန်အကြား စင်းလုံးငှားလေယာဉ်ခရီးစဉ်များ စတင်ပျံသန်း

ရန်ကုန် မေ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် လေကြောင်းပျံသန်းပို့ဆောင်ရေးအား တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့နှင့် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တို့အကြား ပျံသန်းပြေးဆွဲသည့် ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယားလေကြောင်းလိုင်း (Korean Air) ၏ စင်းလုံးငှားလေယာဉ်ခရီးစဉ်များကို မေ ၂၄ ရက်မှစတင်၍ ပျံသန်းပြေးဆွဲနေပြီဖြစ်သည်။ ကိုရီးယားလေကြောင်းလိုင်း၏ Airbus A300-600R လေယာဉ်အမျိုးအစားသည် ခရီးသည် ၂၅၇ ဦးအထိ တင်ဆောင်နိုင်စွမ်းရှိပြီး လေယာဉ်ခရီးစဉ်အမှတ် KE6647 ဖြင့် ကမ္ဘာလှည့်ခရီးသွား ၁၇၅ ဦး တင်ဆောင်၍ ဆိုးလ်မြို့ အင်ချွန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာပြီး မေ ၂၄ ရက် ညနေ ၆ နာရီမိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်ခဲ့ရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ဦးဆောင်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့လေကြောင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုခဲ့ကြသည်။

ကိုရီးယားလေကြောင်းလိုင်းသည် ဆိုးလ်-ရန်ကုန်-ဆိုးလ် စင်းလုံးငှားလေယာဉ် ခရီးစဉ် အသစ်ကို တစ်ပတ်လျှင် နှစ်ကြိမ် ပျံသန်းမည်ဖြစ်ရာ ဆိုးလ်မြို့မှ ရန်ကုန်မြို့သို့ မေလအတွင်း ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့များတွင် ရန်ကုန်မြို့သို့ မြန်မာစံတော်ချိန် ည ၇ နာရီတွင် ဆိုက်ရောက်ပြီး ည ၈ နာရီခွဲတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ ဇွန်လမှစ၍ အောက်တိုဘာလအထိ ဆင်းသက်မည့်နေ့ရက်နှင့် အချိန်များပြောင်းလဲပျံသန်းမည်ဖြစ်သည်။ ကိုရီးယားလေကြောင်းလိုင်းအနေဖြင့် ၎င်းပျံသန်းမှုအစီအစဉ်များကို အောက်တိုဘာလအထိ စုစုပေါင်း ၄၅ ခေါက် ပျံသန်းသွားရန် စီစဉ်ထားကြောင်းသိရသည်။

ကိုရီးယားလေကြောင်းလိုင်းသည် ယင်းကဲ့သို့ ဆိုးလ်-ရန်ကုန်-ဆိုးလ် စင်းလုံးငှားလေယာဉ်ခရီးစဉ်သစ်ကို စတင်ပျံသန်းနိုင်ခြင်းသည် နှစ်နိုင်ငံအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ကိုရီးယားလေကြောင်းလိုင်း၏ တင်ပြချက်အပေါ် ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် သက်ဆိုင်သော အာဏာပိုင်အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ နိုင်ငံတော်ပိုင် လေကြောင်းလိုင်းဖြစ်သည့် မြန်မာ့လေကြောင်းကလည်း ယခုနှစ်အောက်တိုဘာလ ကုန်မှစ၍ မြန်မာ-ကိုရီးယား နှစ်နိုင်ငံ တိုက်ရိုက်လေကြောင်း ပျံသန်းပို့ဆောင်နိုင်ရန်အတွက် အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ မြန်မာ့လေကြောင်းနှင့် ကိုရီးယားလေကြောင်းလိုင်းတို့သည် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက် နှစ်နိုင်ငံအကြား လေကြောင်းပို့ဆောင်ရေးမြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

ငါးရစ်၊ ငါးသန်ရာသီချိန်တွင် ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၁/၉၇)

ငါးရစ် ငါးသန်၊ ဘေးမဲ့ချန်၊ ပုံမှန်စားသုံး၊ မျိုးမတုံး

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက်ငါးသန်များသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူ မပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်း မပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ (၄၅)အရ ဖမ်းဆီးတရားစွဲ အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

မြို့ဆရာတော်တရားပွဲ

ရန်ကုန် မေ ၂၆

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (ဓမ္မကထိကဗဟုဇနဟိတရေ)၏တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ) နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ ကချင်ပြည်နယ် ဟိုပင်မြို့ ဓမ္မသဘင်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲ ပင့်လျှောက်လိုသူများ ရန်ကုန်တိုင်း လှိုင်မြို့နယ် ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ ဖုန်း- ၅၃၀၀၆၈၊ ၅၀၁၈၄၈ လိုင်းခွဲ(၁၈၁)သို့ ပင့်လျှောက်နိုင်ကြောင်းသိရသည်။ (က-ပ)

စာအောင်သံဃာတော်ပူဇော်မည်

ရန်ကုန် မေ ၂၆

နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသော (၅၈)ကြိမ်မြောက် တိပိဋကရေ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋက ဓမ္မရက္ခိတအဖွဲ့၏ ထောက်ပံ့ပူဇော်မှုကို ခံယူ၍ စာမေးပွဲဖြေဆိုအောင်မြင်တော်မူကြသည့် မူလအာဘိဓမ္မိက (နှစ်ပုံခွဲဆောင်) (အထူးအောင်) တစ်ပါး၊ ဒီဃနိကာယကောဝိဒ (နှစ်ပုံအောင်) တစ်ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ လေးပါး၊ ဝိနယဓရ ၁၀ပါး၊ ဥဘတောဝိဘင်္ဂရေ (အထူးအောင်) သုံးပါး၊ ဥဘတောဝိဘင်္ဂရေ ၂၉ ပါး စုစုပေါင်း သာသနာ့အာဇာနည် အရှင်သူမြတ် ၄၈ ပါးတို့အား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲနှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကရေ ရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော် ရှစ်ပါးတို့အား ကြည်ညိုပူဇော်ပွဲကို မေ ၂၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် ဤအဖွဲ့၏ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။ ကြည်ညိုလှူဒါန်း ပူဇော်လိုသူများသည် အဖွဲ့၏ ဇဟိုအကျိုးတော်ဆောင်များနှင့် အဖွဲ့ဗိမာန်တော်တည်ရှိရာ အမှတ် (၁၅)၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက် ဗဟန်း ရန်ကုန်မြို့ ဖုန်း-၃၈၂၁၁၁၊ ၂၄၈၂၂၄ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် ထပ်မံဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ယနေ့မိုးလေဝသ

၂၇-၅-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှုတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက် နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အကောက်ခွန် ဦးစီးဌာန၏ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်(နှစ်ချုပ်) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၂၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ ၂၀၀၅–၂၀၀၆ဘဏ္ဍာရေးနှစ်(နှစ်ချုပ်)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်၊ တိုင်း၊ မြို့နယ်များ၌ သွားရောက်တာဝန်ထမ်းဆောင်မည့် တာဝန်ခံအရာရှိများက တစ်ဦးချင်း သတင်းပို့ မိတ်ဆက်ကြသည်။ ယင်းနောက်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာတွင် အကောက်ခွန်ဦးစီးဌာန၏ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်(နှစ်ချုပ်) လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည် ဖော်ခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ် ဆွေးနွေးမှုများပြုလုပ်ပြီး ဘဏ္ဍာရေးနှစ်သစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားသင့်သည့်လုပ်ငန်းများ၊ အစီအမံများကို သတ်မှတ်လျာထားသွားကြရန်လိုကြောင်း၊ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ အကောက်ခွန်ဦးစီးဌာနသည် ကုန်သွယ်မှုလုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပပို့ကုန်၊ သွင်းကုန်များကို ကြပ်မတ်စစ်ဆေးပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ရှာဖွေပေးရသည့် ဌာနဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ဥပဒေနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ ဝန်ထမ်းအားလုံးနိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်သိစွာ၊ ဖြောင့်မတ်မှန်ကန်စွာ တာဝန်ထမ်းဆောင်ကြရန် အထူးမှာကြား လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်ထက်မြက်အောင်မြင်စေရန်အတွက် ဌာနအတွင်း၌သာမက အခြားဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ အကောက်ခွန် ဝန်ထမ်းတိုင်းသည် ဆက်ဆံရေး ပြေပြစ်ကောင်းမွန်ရန်နှင့် ပြည်သူများနှင့် ဆက်ဆံရာတွင် လည်းကောင်း၊ ဝန်ထမ်းအချင်းချင်း ဆက်ဆံရာတွင် လည်းကောင်း မာန်မာနမထားကြရန် လိုကြောင်း၊ ဆက်ဆံရေးပြေပြစ်မှသာ လုပ်ငန်းတိုင်းတွင် အခက်အခဲမရှိ အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း အကျယ်တဝင့် ပြောကြားသည်။

ယင်းနောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အစီအစဉ်အတိုင်းကျင်းပပြီး ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ဗိုလ်အောင်ကျော် ကုန်သေတ္တာစခန်းနှင့် အေးရှားဝေါလ် ကုန်သေတ္တာစခန်းတို့သို့ ရောက်ရှိစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ခံအရာရှိများက ပို့ကုန်/သွင်းကုန် ကုန်သေတ္တာများကို စစ်ဆေးကြပ်မတ်ခြင်း၊အခွန်စည်းကြပ်ခြင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်ရမည့် အစီအမံများကို တင်ပြရာ ဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုတိုင်း စည်းစနစ်ကျ မှန်ကန်စွာဖြင့် တာဝန်သိသိသစ္စာရှိရှိ လုပ်ထုံးလုပ်နည်းများအတိုင်း ညီညွတ်ရေး အထူးဂရုပြု ဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ ကယားပြည်နယ်တွင် ကျင်းပ

ရန်ကုန် မေ ၂၆

ကယားပြည်နယ်ရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်း စိုက်ပျိုးပွဲကို မေ ၅ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမြင့်ရွှေ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းစိုးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ကယားပြည်နယ် ရဲတပ်ဖွဲ့အနေဖြင့် ခြံစည်းရိုးကြက်ဆူပင် ၈၈၈ဧက စိုက်ပျိုးရန်လျာထားသည့်အနက် ယခုအခါ ၂၆၇ ဧက၌ ခြံစည်းရိုးကြက်ဆူပင် ၃၂၀၇၁၆ ပင်ကို စိုက်ပျိုးပြီးဖြစ်သည်။ မျိုးစေ့ရရှိရေးအတွက် ကြက်ဆူအပင်ကြီးများကိုလည်း တစ်အုပ်တစ်မအဖြစ် အပင်ပေါင်း ၅၂၈၄ ပင်ကို စိုက်ပျိုးထားရှိရာ အဆိုပါ အပင်ကြီးများမှ ရရှိမည့် မျိုးစေ့များဖြင့် လာမည့်နှစ်တွင် ခြံစည်းရိုးကြက်ဆူပင်ဧက နှစ်သောင်းကျော်ကို စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ထို့အပြင် ပြည်နယ်ရဲတပ်ဖွဲ့သည် ၂၀၀၇ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင်များကို လျာထားချက် ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ပြီး ခြံစည်းရိုးကြက်ဆူပင်ပျိုးခြံ ၁၃ ခြံကို အောင်မြင်စွာ ပျိုးထောင် စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ–ကိုရီးယား ချစ်ကြည်ရေး ကုသိုလ်ပြုဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် မေ ၂၆

ကိုရီးယားသမ္မတနိုင်ငံ ဗုဒ္ဓသာသနာပြုဘုန်းတော်ကြီး VENERABLE MOK TAK-HYEEUNက ကမကထပြု၍ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးနှင့် Korea Myanmar Friendship Interchange Association တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း၌ တည်ဆောက်လှူဒါန်းမည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ကုသိုလ်ပြုဈေးရောင်းပွဲတော်ကို ဇွန် ၂ရက် ညနေ ၄နာရီမှစ၍ ရန်ကုန်မြို့ရှိ ကရဝိက်နန်းတော်ဥတ္တရခန်းမ၌ ဖွင့်လှစ်ရောင်းချ သွားမည်ဖြစ်သည်။

အဆိုပါဈေးရောင်းပွဲတော်တွင် ကိုရီးယားသမ္မတနိုင်ငံက ထုတ်လုပ်သော အမျိုးသမီးလက်ကိုင် သားရေအိတ်၊ အဝတ်အထည်၊ ကလေးကျောပိုးအိတ်၊ ဖိနပ်၊ လူသုံးကုန်ပစ္စည်းများကို အထူးလျှော့ဈေးဖြင့် ရောင်းချမည်ဖြစ်ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်သရုပ်ဆောင်များက တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ပစ္စည်းများကို ရောင်းချပေးခြင်းဖြင့် ပါဝင်ကုသိုလ်ပြုကြမည်ဖြစ်သည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ် ကုန်းမြင့်ရိပ်သာ၊ ၇မိုင်နေ ဦးစိန်ကြည်–ဒေါ်တင် ကြည်၊ ညီမ–ဒေါ်ရီရီမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ မျက်စိအတွင်းထည့်မှန် (I.O.L) ရန်ပုံငွေကျပ် သုံးသိန်းလှူဒါန်း ရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။

(က–ပ)



ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တစ်ခါတစ်ရံ မိုးသက်လေပြင်းကျပြီး လှိုင်းကြီးနိုင်

၂၀၀၆ခုနှစ် မေ ၂၆ရက် မွန်းလွဲ ၂နာရီအချိန် ထုတ်ပြန်ချက် ယနေ့နံနက် ၉း၃၀ နာရီအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းတွင် ဖြစ်မြဲအောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ခန္တီးမြို့တွင် ၃၇ဒီဂရီစင်တီဂရိတ်ဖြစ်သည်။**မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မောင်တောမြို့တွင် ၆ဒသမ၅၄လက်မ၊ ကျောက်ဖြူမြို့တွင် ၃ဒသမ၁၉လက်မ၊ ကျောက်တော်မြို့တွင် ၂ဒသမ၈၇လက်မ၊ သာယာဝတီမြို့နှင့် မချမ်းဘောမြို့တို့တွင် ၂ဒသမ၄၀လက်မစီ၊ သံတွဲမြို့တွင် ၂ဒသမ၂၈လက်မ၊ စစ်တွေမြို့တွင် ၁ဒသမ၆၁လက်မ၊ အောင်လံမြို့နှင့် နေပြည်တော်တွင် ဝဒသမ၇၅လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့်အလယ်ပိုင်းတို့တွင် မုတ်သုံလေအား အလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

၂၀၀၆ ခုနှစ် မေ ၂၇ ရက် ညနေအထိ ခန့်မှန်းချက်

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်

လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာစိပ်စိပ်၊ နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၀ ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်) **၂၅–၅–၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်) **၂၆–၅–၂၀၀၆**

ဝ၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း ၂၆–၅–၂၀၀၆

နေပူသည့်နာရီပေါင်း ဝ ဒသမ ၇ နာရီခန့် ၂၅–၅–၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၆–၅–၂၀၀၆	ဝဒသမ၁၅လက်မ	ဝ ဒသမ၂၀ လက်မ	ဝ ဒသမ၂၈ လက်မ
၁–၁–၂၀၀၆ရက်မှ ယနေ့အထိ	၁၄ ဒသမ ၂၁လက်မ၊	၁၇ ဒသမ ၆၀ လက်မ	၁၉ ဒသမ ဝ၂ လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၅–၅–၂၀၀၆ ရက် ၁၅း၃၀ နာရီအချိန်တွင် တောင်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်း တိုက်ခတ်သည်။

NLD ပါတီခေါင်းဆောင်ပိုင်း အောက်ခြေပါတီဝင်များ၏ဆန္ဒကို လျစ်လျူရှု ငါတကောကောလုပ်ဆောင်မှုသည် ဒီမိုကရေစီကျင့်စဉ်နှင့်သွေဖည်နေ ပြည်သူများဒုက္ခရောက်မည့် စီးပွားရေးပိတ်ဆို့မှုကိုသာ တွင်တွင်တောင်းဆို ပါတီ၏လုပ်ဆောင်ချက်များကို စိတ်ကုန်လာသဖြင့် ကလောမြို့နယ် NLD အလုပ်အမှုဆောင်ခုနစ်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၂၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ (၁) ဦးကံရွှင်၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးကျော်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးရဲကိုကိုလွင်၊ ဘဏ္ဍာရေးမှူး ဦးကျော်ဝင်း၊ လူမှုအထောက်အကူပြု ဦးဉာဏ်နှင့် အမျိုးသမီးရေးရာ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်ခင်အေးတို့ ခုနစ်ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်စာကို စုပေါင်းလက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများ ပေးပို့အကြောင်းကြား နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်လွှာ

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ပေးပို့သည့် အဆိုပါ ကလောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်ခုနစ်ဦးတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် ဒီမိုကရေစီရရှိရေးအတွက် ပါတီနိုင်ငံရေးကို ရိုးသားသန့်ရှင်းစွာ ဆောင်ရွက်၍ ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို ထိရောက်စွာ သယ်ပိုးဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် NLD ပါတီသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ပြည်တွင်းအားကို လျစ်လျူရှု

သို့ရာတွင် NLD ပါတီ၏ ခေါင်းဆောင်ပိုင်းသည် အောက်ခြေပါတီဝင်များ၏ ဆန္ဒသဘောထားများကို လျစ်လျူရှုပြီး ငါတကောကောလုပ်ဆောင်၍ အမျိုးသားညီလာခံကို ကျောခိုင်းထွက်ခွာကာ နိုင်ငံတော်အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမည့် လမ်းကြောင်းကိုသာ ဆက်လက်အားထုတ်လုပ်ဆောင်နေသဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့် သွေဖည်နေကြောင်း၊ ပြည်တွင်းအားကို လျစ်လျူရှု၍ ပြည်ပကိုသာအားကိုးပြီး ပြည်ပသြဇာခံ ကြိုးဆွဲရာကနေကြောင်း၊ ပြည်သူအများ ဒုက္ခရောက်စေမည့် စီးပွားရေးပိတ်ဆို့မှုကိုသာ ပြည်ပနိုင်ငံများသို့ တွင်တွင်တိုက်တွန်းတောင်းဆိုနေခြင်းကြောင့် NLD ပါတီ၏ လုပ်ဆောင်ချက်များကို စိတ်ကုန်လာသဖြင့် ၎င်းတို့၏ သဘောဆန္ဒအလျောက် NLD ပါတီဝင်အဖြစ်မှလည်းကောင်း၊ ပါတီ၏ တာဝန်များမှလည်းကောင်း အပြီးအပိုင်နုတ်ထွက်ကြခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ (သတင်းစဉ်)

ယာဉ်မောင်းသူများ လိုက်နာရန် သတိပေး နှိုးဆော်ချက်

(က) မိုးရာသီ ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ–

(၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။

(၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။

(၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။

(၄) လမ်းပေါ်တွင် ရွှံ့ညွန်များရှိလျှင် လမ်းချော်နိုင်သည်။

(၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။

(၆) ဘရိတ်ကို ရုတ်တရက်မနင်းပါနှင့်။

(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။

(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။

(၉) မိုးသည်းထန်စွာ ရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။

(၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက ထိရောက်စွာ အရေးယူခြင်းခံရမည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

သိပ္ပံနှင့်နည်းပညာ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်

ရန်ကုန် မေ ၂၆

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ထူးချွန် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသနဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ ထူးချွန် ကျောင်းသား၊ ကျောင်းသူများကို ဆုများချီးမြှင့်ပေးအပ်သည်။

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဝန်ကြီးက ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုလွှာ၊ ဆု တံဆိပ်နှင့် ငွေသားဆုများကို ချီးမြှင့်ပေးအပ်သည်။ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန လက်အောက်ရှိ အစိုးရနည်းပညာကောလိပ်နှင့် သိပ္ပံ ၃၇ ခု၊ ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရ ကွန်ပျူတာကောလိပ် ၂၄ ခုတို့မှ ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများကို ထူးချွန်ဆု ရွေးချယ်ရေးစာမေးပွဲဖြေဆိုစေ၍ ရွေးချယ်ခဲ့ရာ စုစုပေါင်း ၆၃ ဦးကို ရွေးချယ်၍ ဆုပေးအပ်ခြင်းဖြစ်သည်။ ထို့ပြင် English Debate ပြိုင်ပွဲ၌ ဆုရရှိသူသုံးဦးကိုလည်း ဆုများပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ကြေးမုံ The Mirror ပြည်သူ့ထံမှပေးစာ

မြို့လယ်တံတား ပြုပြင်ပေးသင့်

စာတည်းခင်ဗျား–

ပဲခူးတိုင်း ကျောက်ကြီးမြို့ မြို့လယ်တံတားသည် ကျောက်ကြီးချောင်းအရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းရှိ ရပ်ကွက်နှင့်ကျေးရွာများကို ဆက်သွယ်ထားသည့် တစ်ခုတည်းသော တံတားဖြစ်ပါသည်။

ယခုအခါ အဆိုပါတံတား၏ ကတ္တရာကြမ်းခင်းများမှာ ကျိုးပေါက်ပျက်စီးလျက်ရှိသဖြင့် ပြည်သူများနှင့် အနေးယာဉ်များ သွားလာရေး ခက်ခဲလျက်ရှိပါသည်။

သို့ပါ၍ သက်ဆိုင်ရာမှ အဆိုပါတံတားအားပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျောက်ကြီးသား**

ကျုံးကျော်အခိမ်များ ဖယ်ရှားပေးပါ

စာတည်းရှင့်–

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်တွင်း မြောက်မှတောင်သို့ စီးဆင်းသောမြောင်းသည် မဟာမြိုင် အပိုင်း (၃)အတွင်း ငါးပေကျယ်သော်လည်း အပိုင်း ၄၊ ၅၊ ၆ တို့တွင် ကျုံးကျော်အဆောက်အအုံများ ရှိနေပါ၍ ရေစီးရေလာ ပိတ်ဆို့ကာ ဗွက်များဖြစ်လျက် ခြင်များပေါက်ပွားနေပါသည်။ သို့ဖြစ်ပါ၍ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းပေါ်မှ ကျုံးကျော်အဆောက်အအုံများအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မဟာမြိုင်သူ

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

သံပြားထုသံ ရှင်းလင်းဆောင်ရွက်ပြီး

၈–၁၀–၂၀၀၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၅)ရပ်ကွက် ပြည်ထောင်စုလမ်း ယောက်ကော်မှတ်တိုင်အနီးရှိ သံပြားလုပ်ငန်းမှ “သံပြားထုသံနားမခံသာ” ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

လမ်းမီးများ လင်းစေချင်

စာတည်းခင်ဗျား–

ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၃)ရပ်ကွက် အေးရိပ်မွန် (၃)လမ်းတွင် လမ်းမီးများ မလင်းသည်မှာ ကြာပြီဖြစ်ပါသည်။

သို့ပါ၍ ညအချိန် ယာဉ်အန္တရာယ် စိုးရိမ်ရပါသဖြင့် လမ်းမီးများလင်းစေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသားတစ်ဦး**

အရက်ပုန်းဆိုင်ပိတ်ပေးပါ

စာတည်းခင်ဗျား–

စစ်ကိုင်းတိုင်း ကလေးမြို့နယ် ဆည်တောရွာတွင် လိုင်စင်မဲ့ အရက်ပုန်းဆိုင်သုံးဆိုင်ဖွင့်၍ အရက်များရောင်းချနေမှုကြောင့် ရွာအတွင်းရှိ လူငယ်များ အကျင့်စာရိတ္တ ပျက်ပြားမှုများရှိနေပါသည်။ သို့ဖြစ်ပါ၍ ရွာအတွင်းရှိ လိုင်စင်မဲ့အရက်ဆိုင်များအား ပိတ်သိမ်းပေးပါရန် တင်ပြအပ်ပါသည်။

ဆည်တောသားများ

အမှိုက်များ ပုံမှန်သိမ်းဆည်းပေးစေလို

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် (၅)ရပ်ကွက် ဓမ္မပါလလမ်းတွင် စည်းကမ်းမဲ့အမှိုက်ပုံတစ်ခုရှိပါသည်။ **(အပေါ်ပုံ)**

အမှိုက်သိမ်းကား မလာသည်မှာ သုံးလကျော်ပြီဖြစ်ပါ၍ အမှိုက်ပုံမှ အနံ့ဆိုးများလည်း ထွက်နေပါသည်။ သို့ပါ၍ အမှိုက်ပုံမှ အမှိုက်များအား ပုံမှန်သိမ်းဆည်းပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

လောင်စာဆီရောင်းဝယ်မှု တားဆီးပေးပါ

စာတည်းခင်ဗျား–

ဧရာဝတီတိုင်း မြောင်းမြမြို့သင်္ဘောဆိပ်အနီး လှိုင်သာယာဈေးကြီး အနောက်ဘက်တွင် လောင်စာဆီများကို သိုလှောင် ရောင်းဝယ်မှုများပြုလုပ်နေပါသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်နေရပါသည်။ အဆိုပါ လောင်စာဆီများ ရောင်း/ဝယ်နေမှုကို သက်ဆိုင်ရာမှတားဆီးပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

ဂုဏ်သိက္ခာ ဆက်လက်ထိန်းရမည့် တောင်ကိုရီးယား



ကမ္ဘာ့ဖလား

ဘောလုံးပြိုင်ပွဲ

အကြို

ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ခြောက်ကြိမ်ဆက်တိုက် ဝင်ခွင့်ရသော တောင်ကိုရီးယားသည် ဂျာမနီနိုင်ငံသို့ မကြာမီ သွားရတော့မည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှ ကြည်နူးစရာ အတိတ်ဇာတ်လမ်းကို အမှတ်ရကြလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် အမိမြေတွင် ဆီမီးဖိုင်နယ်အထိ ရောက်ခဲ့သော အနေအထားထက် ကျော်လွန်အောင် ကြိုးစားအားထုတ်ရမည်ဖြစ်သည်။

တောင်ကိုရီးယားသည် ခြေစစ်ပွဲ ၁၂ ပွဲကစားရသည်။ သုံးပွဲ သရေကျပြီး နှစ်ပွဲရှုံးသည်။ ဤခြေရည်ခြေသွေးမျိုးကို ပရိသတ်အချို့က လုံးဝလက်မခံခဲ့ကြပေ။ မည်သို့ပင်ဖြစ်စေ အမျှော်လင့်ကြီး မျှော်လင့်နေကြသော ကိုရီးယား ပရိသတ်များ အနေဖြင့် ယင်းအချက်ကို သတိပြုရလိမ့်မည်။

တောင်ကိုရီးယား နည်းပြ ဒစ်အက်ဒ်ဗိုကက်။

ခြေစစ်ပွဲအစတွင် တောင်ကိုရီးယားအသင်းသည် မဝံ့မရဲပုံမျိုးဖြစ်နေခဲ့သည်။ ပထမအဆင့် ခြေစစ်ပွဲတွင် မော်လ်ဒိုက်အသင်းကို ဂိုးမရှိ သရေကျသောကြောင့် ပေါ်တူဂီ နည်းပြဆရာ ဟမ်ဘာတိုခိုဟိုကို အသင်းမှဖယ်ရှားပစ်လိုက်သည်။ ဒတ်ချ်လူမျိုးနည်းပြဆရာ ဂျိဘွန်ဖရီးယားနှင့် အစားထိုးခဲ့သည်။ နည်းပြဆရာ၏ ဦးဆောင်မှုကြောင့် တောင်ကိုရီးယားအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်နိုင်တော့သည်။

မည်သို့ပင်ဖြစ်စေ၊ နောက်ဆုံးအဆင့်ခြေစစ်ပွဲတွင် တောင်ကိုရီးယား၏ ယုံကြည်မှုများအား ထိခိုက်မှုအချို့ရှိခဲ့သည်။ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလထဲတွင် ကူဝိတ်နှင့် အဖွင့်ပွဲကစားရသည်။ နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ မတ် ၂၅ ရက်တွင် အဝေးကွင်း၌ ဆော်ဒီနှင့် ကစားရသည်။ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသည်။ ထို့နောက် ဆိုးလ်တွင် ဥဇဘက်ကစ္စတန်ကို ၂-၁ ဖြင့်နိုင်သည်။ ဇွန်လထဲတွင် အဝေးကွင်း၌ ဥဇဘက်ကစ္စတန်နှင့် ဒုတိယအကျော့ ကစားရသည်။ ထိုပွဲတွင် တောင်ကိုရီးယားသည် အောက်မှ လိုက်ကစားရသည့် ဥဇဘက်ကစ္စတန်ကို တစ်ဂိုး၊ ဂိုးမရှိဖြင့်ရှုံးနေသည်။ ပွဲချိန်စေ့၍ လေလွင့်ချိန် ထပ်ဆောင်းပေးသည့် အချိန်ကျမှ လူသစ်ကလေး ပတ်ခ်ျချုယောင်က ချေပဂိုးသွင်းပြီး အမှတ် တစ်မှတ်ယူပေးသည်။ နောက်ငါးရက်အကြာတွင် ကူဝိတ်နှင့် ဒုတိယအကျော့ ကစားရသည်။ ၄-၀ ဖြင့် နိုင်သည်။ ဤနိုင်ပွဲကြောင့် တောင်ကိုရီးယား ခြေစစ်ပွဲအောင်ဖို့ သေချာသလောက်ရှိသွားသည်။ သို့သော် အိမ်ကွင်း၌ ဆော်ဒီအာရေဗျနှင့် ကစားရသည်။ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသည်။

နောက်ဆုံးခြေစစ်ပွဲ ကာလတစ်လျှောက် တောင်ကိုရီးယားအသင်း၏ ကစားပုံညံ့သည်ဟု ပြင်းပြင်းထန်ထန် ဝေဖန်ခံရသည်။ ထို့ကြောင့် နည်းပြဆရာ ဘွန်ဖရီးယားသည် ရာထူးမှ နုတ်ထွက်သွားသည်။ နောက် ဒတ်ချ်နည်းပြဆရာ တစ်ဦးဖြစ်သော ဒစ်အက်ဒ်ဗိုကက်နှင့် အစားထိုးသည်။

တောင်ကိုရီးယား အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ အာရှအသင်းတစ်သင်းအနေဖြင့် မကြာခဏ တက်ရောက် ကစားခွင့်ရသည်။ ၁၉၅၄ ခုနှစ် ဆွစ်ဇာလန် ကမ္ဘာ့ဖလားပြိုင်ပွဲမှ စတင်ပါဝင် ကစားခွင့်ရသည်။ ၂၀၀၂ ခုနှစ်မတိုင်မီက ကစားခဲ့သော ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် တောင်ကိုရီးယားအသင်းသည် တစ်ပွဲမှ အနိုင်ရရှိခဲ့ခြင်းမရှိချေ။ ဟော်လန်လူမျိုး နည်းပြဆရာ ဟင့်ဒစ်က ထိုအခြေအနေ



ဂမ်ဆိုင်း

အားလုံးကို ပြောင်းပြန်လှန်ပစ်ခဲ့သည်။

၂၀၀၂ ခုနှစ် တောင်ကိုရီးယား/ဂျပန် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပိုလန်၊ အမေရိကန်၊ ပေါ်တူဂီတို့နှင့် ပထမအဆင့် အုပ်စုပတ်လည် ကစားရသည်။ ပိုလန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး အမေရိကန်နှင့် တစ်ဂိုးစီ သရေကျသည်။ ပေါ်တူဂီကို တစ်ဂိုး-ဂိုးမရှိနိုင်ပြီး ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲသို့ တက်ရသည်။ အီတလီကို အချိန်ပိုတွင် ရွှေဂိုးဖြင့်နိုင်သည်။ ကွာတားဖိုင်နယ်၌ စပိန်နှင့်တွေ့သည်။ အချိန်ပိုပြီးသည်အထိ ဂိုးမရှိ သရေကျသည်။ ပယ်နယ်တီ အဆုံးအဖြတ်ဖြင့်နိုင်သည်။ ဆီမီးဖိုင်နယ်တွင် ဂျာမနီကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးသည်။ တတိယလုပွဲ၌ တူရကီကို သုံးဂိုး-နှစ်ဂိုးဖြင့်ရှုံးပြီး စတုတ္ထရသည်။

ယင်းနောက်ပိုင်းမှစ၍ တောင်ကိုရီးယားအသင်းသည် အမြဲတစေ ပြောင်းလဲနေခဲ့သည်။ သို့သော် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားတွင် ခြေစွမ်းပြခဲ့ကြသော ကစားသမားများသည် အဓိကအခန်းမှ ပြန်လည်ပါဝင်လာကြသည်။ မန်ချက်စတာ ယူနိုက်တက်အသင်းတွင် ကစားနေသော ပတ်ဂျီဆန်သည် ကွင်းလယ်မှနေပြီး ပြိုင်ဘက်အသင်းများကို မွှေနှောက်လိမ့်မည်။ နောက်တန်း ဘယ်အစွန်တွင် ကစားနေသော လီယောင်ဖြိုက ခံစစ်၌ အဓိက ကစားသမားဖြစ်သည်။ သူ့နောက်မှနေပြီး ဂိုးသမား လီဝုန်းဂျိုက ဦးဆောင်ညွှန်ကြားပေးမည်။ ရှေ့တန်းတွင်လည်း တိုက်စစ်မှူး အမြောက်အမြားရှိသည်။ အီတလီနှင့်ပွဲတွင် ရွှေဂိုးသွင်းခဲ့သော အန်ဂျောင်ဟွန်၊ ချဒူရီနှင့် လီဒုန်းကုတ်တို့ရှိသည်။

မည်သို့ပင်ဖြစ်စေ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားတွင် စတုတ္ထရထားသော တောင်ကိုရီးယားကို အလေးထားစောင့်ကြည့်ရမည်။ သူ၏သိက္ခာဆည်ရမည့်ပွဲဖြစ်သည်။ တစ်ခါက အာရှအသင်းများနှင့် ပတ်သက်၍ လက်ရှိ ဘရာဇီးအသင်းနည်းပြဆရာ ပါရဲယား ပြောခဲ့ဖူးသည့်စကားလေးကို အမှတ်ရမိသည်။

"၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အာရှအသင်းတွေ ဘယ်လောက်လုပ်ပြနိုင်မလဲဆိုတာ စောင့်ကြည့်ရတာပေါ့၊ ၂၀၀၂ ခုနှစ်ကလိုမျိုး လုပ်ပြနိုင်ခဲ့မယ်ဆိုရင် ကမ္ဘာ့ဘောလုံးမြေပုံကို ပြောင်းပြန် ပြန်ဆွဲရလိမ့်မယ်" ဟူ၍ ဖြစ်ပေသည်။ ။

တောင်ကိုရီးယား လက်ရွေးစင် ဘောလုံးအသင်းကို တွေ့ရစဉ်။

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ စာစီစာကုံးပြိုင်ပွဲဆုရသူများ ထုတ်ပြန်

ရန်ကုန် မေ ၂၆

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ ဖိတ်ခေါ်ကျင်းပခဲ့သည့် ၂၀၀၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း စာစီစာကုံးပြိုင်ပွဲဆုရရှိသူများမှာ ပထမ မအေးမြင့်မြတ်စိုး [၁၂/သဃက (နိုင်) ၁၄၂၅၀၆]၊ ဒုတိယ မစိမ်းစိမ်း (Green)၊ တတိယ ဦးစိုးမြင့်-ဖိုးရာဇာ(သာစည်) [TZI-၁၀၅၀၃၈]နှင့် နှစ်သိမ့်ဆုရရှိသူများမှာ မနှင်းဥရည် [၁၂/လသယ (နိုင်) ၀၄၀၆၆၅]၊ မောင်လင်းအောင် [၁၂/ရပသ(နိုင်) ၀၄၈၃၃၄] တို့ဖြစ်ကြသည်။

ဆုများကို ဇွန် ၅ ရက်တွင် မန္တလေးမြို့၌ ကျင်းပမည့် ၂၀၀၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်၍ ဆုရရှိသူများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး (သစ်တောဦးစီးဌာနရုံးချုပ်ဝင်းအတွင်း)၊ ကြို့ကုန်း ရန်ကုန်မြို့ ဖုန်း-၆၈၁၉၂၃ သို့ ဇွန် ၁ ရက် နောက်ဆုံးထား၍ သတင်းပို့ဆက်သွယ်ကြပါရန် အသိပေးနှိုးဆော်ထားသည်။ (သတင်းစဉ်)

ညောင်ပင်သာဆရာတော် တရားပွဲ

ရန်ကုန် မေ ၂၆

အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဓမ္မရိပ်သာ၏ ပဓာနနာယက အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ မာလာစာရ(ဓမ္မာစရိယ) အရှင်သူမြတ်သည် ဝါးခယ်မမြို့ မြသိန်းတန် ၅ လမ်း အောင်သပြေမိုးကုတ်ရိပ်သာတွင် ဇွန် ၁ ရက်မှ ၇ ရက်အထိ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက် တရားတော်များ ဟောကြားမည်ဟု သိရသည်။ (က-ပ)

မိုးစပါးစိုက်ပျိုးစရိတ် ပံ့ပိုးငွေထုတ်ပေး

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်က ထန်းတပင်မြို့နယ်ရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း ကိုးသင်းမှ အသင်းသား လယ်သမား ၁၃၀ တို့၏ လယ်ဧက ၈၀၀ အတွက် မိုးစပါးစိုက်ပျိုးစရိတ်ပံ့ပိုးငွေကျပ် ၁၁၅ သိန်း ထုတ်ပေးသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ထန်းတပင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်း၊ ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရဲအောင်(ငြိမ်း)တို့က ပံ့ပိုးငွေ ထုတ်ပေးသည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း အသင်းစုချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရဲအောင် (ငြိမ်း)က ပံ့ပိုးငွေပေးအပ်ရာ ထန်းတပင်မြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစိုးခိုင်က လက်ခံရယူသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ရန်ကင်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက်က အထက(၂)ခန်းမ၌ ကျင်းပရာ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ကျောင်းအပ်နှံသည့် ကလေးငယ်များအား စာအုပ်၊ ခဲတံ၊ ကျောင်းဝတ်စုံနှင့် ကျောပိုးအိတ်များ ထောက်ပံ့ပေးအပ်စဉ်။ (မိခင်/ကလေး)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လမ်းမတော်မြို့နယ်ရုံး၏ နယ်လှည့်စာကြည့်တိုက် နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက်က (၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်မောင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအေးရတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြန်မာကွန်ဗင်းရှင်းစင်တာ ညှို့ကြိုခန်းမ၌ ကျောက်စိမ်းတွဲများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၁၀ နာရီခွဲတွင် မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိလာရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ညှို့ခန်းမ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျောက်စိမ်းနှင့် ကျောက်မျက်ဈေးကွက် ဖြစ်ပေါ်လာရေး၊ နိုင်ငံတော်နှင့် ကျောက်မျက်လုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရေး၊ ကျောက်မျက်ရတနာ ထုတ်လုပ်မှုနှင့် ရောင်းချမှု ဟန်ချက်ညီရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည်နှင့်အညီ ၂၀၀၆ ခုနှစ် ဇွန်၊ ဇူလိုင်လတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကို ကျင်းပသွားမည်ဖြစ်ပါကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြပြီး ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကို

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ပဥ္စမနှစ်ပတ်လည် အစည်းအဝေးနှင့် ဆဌမအကြိမ် သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လယ်ယာ၊သားငါးနှင့် သစ်တောသယံဇာတများကို ခေတ်မီနည်းပညာများနှင့်ပေါင်းစပ်ပြီး အကျိုးရှိအောင်အသုံးချ ဇီဝနည်းပညာအသုံးပြုရာတွင် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်ရမည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးကိုပါ ယှဉ်တွဲဆောင်ရွက် သုတေသနလုပ်ငန်းလုပ်ရာတွင် ရှိပြီးလူ့စွမ်းအားနှင့် နည်းပညာစွမ်းအားများကို ပိုမိုကောင်းမွန်ပြည့်စုံအောင် စီစဉ်လုပ်ကိုင်

ရန်ကုန် မေ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ ကျင်းပသည့် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ပဥ္စမနှစ်ပတ်လည်အစည်းအဝေးနှင့် ဆဌမအကြိမ် သုတေသန ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့အမှုဆောင်များ၊ ပညာရှင်များ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံ နည်းပညာပညာရှင်အဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

(27-5)20.P65 1 1/1/32, 1:45 AM